ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (8-5-2005) (၄၅၈၉)

ကိုယ်စွမ်းကိုယ်စအပေါ် အခြေခံ

❀ စီးပွားရေးတိုးတက်ရန်အတွက် ပြည်ပကိုမျှော်ကိုးနေရသည့်ဘဝမျိုး မဖြစ်သင့် မဖြစ်ထိုက်။ ကိုယ့်ခွန်ကိုယ့်အားအပေါ် ရပ်တည်လိုသော မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ဇာတိမာန်နှင့်လည်း မကိုက်ညီ။

❀ ယနေ့အခြေအနေအထိ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာခြင်း၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လိုအပ်သောအခြေခံများတည်ဆောက်နိုင်ခြင်းတို့သည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုများနှင့်အညီ ကိုယ်စွမ်းကိုယ်စအပေါ် အခြေခံ၍ နိုင်ငံတော်နှင့်ပြည်သူများ အတူတကွ ရုန်းကန်နိုင်ခဲ့ခြင်းကြောင့်ဖြစ်။

ချမှတ်ထားသောဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းရာ၌ အပျက်အန္တရာယ်၊ အပျက်သမားတို့၏ သဘောကို နားလည်သတိထားရန်လို နိုင်ငံတော်တိုးတက်ရာတိုးတက်ကြောင်းလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သစ္စာရှိရှိ ကြိုးကြိုးစားစားလုပ်ကိုင်ရင်း အပျက်အန္တရာယ်များကျဆုံးရေး ဖော်ဆောင်

ရန်ကုန် မေ ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မကွေးတိုင်းအတွင်းရှိ ဓာတ်မြေသြဇာစက်ရုံများ၊ ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ မန်းရေနံမြေနှင့် သရက်ဘိလပ်မြေစက်ရုံတို့ကို ယမန်နေ့နှင့် ယနေ့တို့တွင် လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မေ ၆ ရက် နံနက် စနာရီခွဲတွင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မင်းဘူးမြို့ မန်းရေနံမြေ၌ တူးဖော်လျက်ရှိသည့် တွင်းအမှတ်(၆၅၄)ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၈-၅-၂၀၀၅
(တနင်္ဂနွေနေ့)

အမျိုးသားရေးအကျိုးစီးပွား မျက်ခြည်မပြတ်မြှင့်တင် လူမှုကရုဏာလုပ်ငန်းများ စွမ်းစွမ်းတမံထမ်းရွက်

ပြည်သူများ၏သား၊ သမီးများဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး အခြားသော အမျိုးသားရေး အင်အားစုများနည်းတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုများနှင့်အတူ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေး၊ ရောဂါဘေးတားဆီးရေးနှင့် ဘေးဒုက္ခရောက်သူများအား ကူညီစောင့်ရှောက်ရေးဟူသည့် ကြက်ခြေနီလူမှု ကရုဏာလုပ်ငန်းများကို ထမ်းရွက်နေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်က အားထားရသည့် အမျိုးသားရေးစွမ်းအားစုတစ်ရပ်ဖြစ်သည်နှင့်အညီ ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးလုပ်ငန်းတာဝန်များကိုပါ ကြက်ခြေနီလူမှုကရုဏာ လုပ်ငန်းများနှင့်ယှဉ်တွဲပြီး စွမ်းစွမ်းတမံ ဆောင်ရွက်နေကြောင်း မြင်တွေ့နေရသည်။

ယင်းသို့ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ထူးချွန် ကြက်ခြေနီမောင်မယ်များအား ရွေးချယ်ပြီး ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲများကို နှစ်စဉ်ကျင်းပကာ ဂုဏ်ပြုချီးမြှောက်နေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ (၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို မေလ ၄ ရက်နေ့က သုနာပြုတက္ကသိုလ် (ရန်ကုန်)၌ကျင်းပခဲ့သည်။ ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲများကို နှစ်စဉ် ဖွင့်လှစ်ပြီး တစ်နိုင်ငံလုံးမှ ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ် များအား ရွေးချယ်စုစည်း တက်ရောက်စေခြင်းသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအတွက် ခွန်သစ်အားသစ် စွမ်းအားသစ်များ တိုးတက်ပွားများလာစေမည့် အစီအစဉ်တစ်ရပ်ဖြစ်သည်။

အဆိုပါ ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲသည် ပိုမိုထူးချွန်ထက်မြက်ပြီး စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်မြင့်မားသော ကြက်ခြေနီမောင်မယ်များ ဖြစ်လာစေရေးအတွက် စုပေါင်းဆွေးနွေးလေ့ကျင့်ပျိုးထောင်ပေးမှု အစီအစဉ်တစ်ရပ်ဖြစ်သကဲ့သို့ ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ် များ စဉ်ဆက်မပြတ်ပေါ်ထွန်းစေရေးအတွက် တွန်းအားပေးသည့်အစီအမံ တစ်ရပ်လည်းဖြစ်သည်။

ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများသည် မြန်မာလူမျိုးတို့၏ ရှိရင်းစွဲဖြစ်သော အများအကျိုးဆောင်သည့် ပရဟိတစိတ်ဓာတ်၊ လူသားအချင်းချင်း စာနာထောက်ထားတတ်သည့် စေတနာ၊ မေတ္တာ၊ ကရုဏာစိတ်ထားတို့ဖြင့် ပေါင်းစည်းလျက်ရှိသည်။ ထို့ကြောင့်ပင် ကြက်ခြေနီလှုပ်ရှားမှု လူမှုကရုဏာလုပ်ငန်းများသည် နိုင်ငံတော်အတွင်း အရှိန်အဟုန်ဖြင့် တွင်ကျယ်စွာ ဖြစ်ထွန်းလာနေခြင်းဖြစ်သည်။

အဆိုပါအသင်းကြီးသည် ကြက်ခြေနီသုနာပြုတပ်ဖွဲ့များကို စနစ်တကျ ကျစ်လျစ်သိပ်သည်းစွာ တိုးချဲ့စည်းရုံးဖွဲ့စည်းလျက်ရှိသကဲ့သို့ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများ၊ အမျိုးဘာသာသာသနာ မြှင့်တင်ရေးလုပ်ငန်းများ၊ စေတနာ့ဝန်ထမ်း လူမှုရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားဆောင်ရွက် နေကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲတွင် ထူးချွန်ကြက်ခြေနီများ၊ လူမှုထူးချွန်ရရှိသူများနှင့် လူမှုကယ်ဆယ်ရေး လုပ်ငန်းများတွင် စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ကြသူများအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့ရာ ယခုတွေ့ဆုံပွဲသို့ တက်ရောက်ခွင့်ရရှိကြသည့် ကြက်ခြေနီမောင်မယ်များအတွက် များစွာ ဂုဏ်ယူဖွယ်ကောင်းပြီး စိတ်ဓာတ်ရေးရာအရ အခြေခံကောင်းများ ပိုမို တိုးပွား ခိုင်မာလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အရန်အင်အားစုများဖြစ်ကြသည့် မြန်မာ နိုင်ငံ ကြက်ခြေနီအဖွဲ့ဝင်များသည် အလွန်မွန်မြတ်သည့် ကြက်ခြေနီဘဝကို ခံယူထားကြပြီးဖြစ်သည်နှင့်အညီ အမျိုးသားရေးအကျိုးစီးပွားကို မျက်ခြည် မပြတ် ဆက်လက်မြှင့်တင် ဖော်ဆောင်ရင်း တိုင်းရင်းသားပြည်သူများ၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြက်ခြေနီ လူမှု ကရုဏာ လုပ်ငန်းများကို စေတနာမေတ္တာအပြည့်အဝဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကင်းမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရ-က-တ)

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အခွန်လွတ်ဈေးများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာရှိ ကုန်းမြင့်သာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ စွယ်တော်လမ်းရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ်ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့နယ် ပန်တျာလမ်းရှိ ပန်တျာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း သွားရောက်၍ ဈေးများအတွင်း ဝန်ကြီးဌာနများမှ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ တပ်နယ်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်နှင့် ကိုယ်တိုင် စိုက်ပျိုးလုပ်ကိုင်သူများ၏ ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေး၊အဏ္ဏဝါလွှမ်း၊ မြန်မာမန်း၊ M.M.G Jetty စသည့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ကိုယ်တိုင်မွေးမြူထုတ်လုပ်သူများ၏ ကြက်ဥနှင့် အသား၊ ငါးအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များ အသင်း၏ ဆန်အရောင်းဆိုင်နှင့် မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ စားအုန်းဆီအရောင်းဆိုင်များ၊ မီးဖိုချောင်သုံးပစ္စည်း အရောင်းဆိုင်များ၊ ကုန်ခြောက်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူ၊ ဈေးဝယ်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဈေးများအတွင်းသန့်ရှင်းလတ်ဆတ်သည့် အသား၊ ငါးနှင့်ဟင်းသီးဟင်းရွက်များကိုသာ ရောင်းချသွားကြရန်၊ အလေး၊ ချိန်ခွင် ပြည့်မီစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်၊ ဈေးအတွင်းနှင့် ဈေးပတ်ဝန်းကျင် အစဉ်သန့်ရှင်းစေရေး၊ ခြင်နှင့် ယင်ကဲ့သို့ ကူးစက်ရောဂါဖြစ်ပွားစေသည့် ပိုးမွှားများမရှိစေရေး စနစ်တကျနှိမ်နင်းကြရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် မေ ၇

စာရင်းစစ်များလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၂) ဖွင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင်စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ စာရင်းစစ်ချုပ်ရုံးနှင့် ဒေသဆိုင်ရာ စာရင်းရုံးများမှ စာရင်းစစ် ၁၃၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကျောက်ဆည်အသင်း(ရန်ကုန်) အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၇

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဧပြီလ အစည်းအဝေးကို တာမွေမြို့နယ် မေတ္တာညွှန့်ဈေးသစ်အနီး အဆောက်အအုံတွင် ဧပြီ ၃၀ရက်က ကျင်းပပြီး ရန်ကုန်ရောက် ကျောက်ဆည်ခရိုင်သူ၊ ခရိုင်သားများ၏ သာရေး၊ နာရေး ထောက်ပံ့မှုများကို ပူးပေါင်းဆောင်ရွက်ကြရန်၊ ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းအောင်မြင်သူများမှ ဂုဏ်ထူးရရှိသူများကို ပညာရည်ချွန်ဆုချီးမြှင့်ရန်၊ ကျောက်ဆည်မြို့တွင် ကျင်းပမည့် ဆင်လှူပွဲတော်နှင့် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပမြဲဖြစ်သည့် ရွှေသာလျောင်း စေတီပူဇော်ပွဲသို့ ယမန်နှစ်များအတိုင်း ဆောင်ရွက်သွားရန် ဆုံးဖြတ်ကြသည်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့

၂၀၀၅-ခုနှစ်၊ မေလ (၃) ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၁၆၅၇၈)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတ တိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဝန်ကြီး ဦးအောင်သောင်း တောင်သာ စွပ်ကျယ်စက်ရုံစီမံကိန်း ကြည့်ရှု မြင်းခြံစက်မှုဇုန်ထုတ် ခရီးသည်တင် သုံးဘီးကားများ စစ်ဆေး

ရန်ကုန် မေ ၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့တွင် မန္တလေးတိုင်း တောင်သာမြို့နယ် ဝဲလောင် ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိပြီး စက်မှု(၁)ထုတ်ကုန်ပစ္စည်းများ ရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ကျောက်ကာကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဂါလန်တစ်သောင်းဆံ့ ရေသိုလှောင်ကန်နှင့် ရေတွန်းမော်တာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ကျောက်ကာကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရေသိုလှောင်ကန် တည်ဆောက်ပြီးစီးမှုနှင့် ရေပိုက်လိုင်းများ သွယ်တန်းပြီးစီးမှုအခြေအနေ များကို ကြည့်ရှုသည်။

ဝင်းသူဇာဆိုင်စစ်ဆေး

ထို့နောက် ဝန်ကြီးသည် တောင်သာမြို့ ဝင်းသူဇာအရောင်းဆိုင်၏ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများထားရှိမှုနှင့် ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် တောင်သာမြို့နယ် တောင်သာမှ မြင်းခြံသို့သွားသည့် ကားလမ်းဘေး သဖန်းပင်တောကွင်းနှင့် မြောက်ရွာကွင်းနေရာ၌ မြန်မာ့အထည်အလိပ်လုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်သာစွပ်ကျယ် စက်ရုံစီမံကိန်းရုံးသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းကွပ်ကဲရေးမှူး ဦးစိုးဝင်းက စီမံကိန်းစက်ရုံ တည်နေရာ၊ မြေပြုပြင်မှုအခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုအခြေအနေများ၊ (၂၄၀ × ၈၀)ပေရှိ ထိုးထည်အလုပ်ရုံ တည်ဆောက်မှု၊ (၂၄၀ × ၁၆၀)ပေရှိ အချောကိုင်အလုပ်ရုံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်နေမှုအခြေအနေများ၊ သွင်းအားစုများဖြစ်သည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်၊ ရေလိုအပ်ချက်နှင့် စွမ်းအင်လိုအပ်ချက်အခြေအနေများကို မြေပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြပြီး မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပုံစံများကြည့်ရှု

ဆက်လက်၍ ဝန်ကြီးက စီမံကိန်းဝင်းအတွင်း တည်ဆောက်လျက်ရှိသော အထည်ချုပ်အလုပ်ရုံ၊ အချောကိုင်အလုပ်ရုံ၊ စက်ထိုးထည် အလုပ်ရုံများ၏ စကေးကိုက်ရေးဆွဲထားသည့် ပုံစံများကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် အထွေထွေမန်နေဂျာ ဦးရဲဝင်းတို့က စီမံကိန်း တည်ဆောက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်းအထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး မြင်းခြံစက်မှုဇုန်က တီထွင်ထုတ်လုပ်သည့် ခရီးသည်တင်သုံးဘီးကားများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဆေးဆိုးပန်းရိုက်စက်ရုံရှိ ဆေးဆိုးပန်းရိုက်ထည်များကိုလည်းကောင်း၊ ပိတ်စစ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ အဖြူချွတ်ဆေးဆိုးခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရက်ကန်းစက် ၂၀၀ တပ်ဆင်ပြီးစီးမှု အခြေအနေနှင့် ရက်ကန်းရက်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ ပိတ်စစ်ခြင်း လုပ်ငန်းများနှင့် ပိတ်ခေါက်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း၏ အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ) ရှင်းလင်းဆောင်၌ မြင်းခြံစက်မှုဇုန်ဥက္ကဋ္ဌ၊ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြင်းခြံစက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှသန်းက မြေလတ်ဂျစ်နှင့် ဝက်ဝွန်ကားများ ထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ စက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်မှုအခြေအနေနှင့် လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်မှုလုပ်ငန်းရှင်များအား လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း တောင်သာမြို့နယ် သဖန်းပင်တောကွင်းနှင့် မြောက်ရွာကွင်းနေရာ၌ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်သာစွပ်ကျယ်စက်ရုံ စီမံကိန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘန်ဒေါင်းကုန်စည်ပြပွဲ မြန်မာနိုင်ငံမှ အကောင်းဆုံးပြခန်းဆုရရှိ

ရန်ကုန် မေ ၇

အာရှ–အာဖရိက Summit နှင့် အကြိမ် (၅၀)မြောက် Asia, Africa Jubliee Expo-2005 ပြပွဲကို အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်နှင့် ဦးမျိုးသန့်တို့ ဦးဆောင်သည့် လုပ်ငန်းရှင် ၁၁ ဦးပါ မြန်မာ့စီးပွားရေး လုပ်ငန်းရှင်အဖွဲ့က နိုင်ငံကိုယ်စားပြုပြခန်းကို သွားရောက်ခင်းကျင်းပြသခဲ့သည်။

အဆိုပါ ပြပွဲတွင် ပြခန်းပေါင်း ၇၀ကျော် ခင်းကျင်းပြသခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြုပြခန်းမှ အကောင်းဆုံး ခင်းကျင်းပြသနိုင်သော ပြခန်းပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

ပြခန်းတွင် မြန်မာနိုင်ငံ၏ထွက်ကုန်များဖြစ်သော ပဲအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ ပရိဘောဂနှင့် ပန်းပုရုပ်တုများ၊ မြန်မာ့လက်မှု အနုပညာပစ္စည်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ အသင့်ချုပ် အထည်များ၊ ရေထွက်ပစ္စည်းများ၊ မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာနှင့် ပုလဲများကို ခင်းကျင်းပြသခဲ့သည်။

(သတင်းစဉ်)



အာရှ–အာဖရိက Summit နှင့် အကြိမ် (၅၀)မြောက် Asia, Africa Jubliee Expo-2005 ပြပွဲကို အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပရာ ပြခန်းပေါင်း၇၀ ကျော်ခင်းကျင်းပြသခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြုပြခန်းမှအကောင်းဆုံး ခင်းကျင်းပြသနိုင်သော ပြခန်း ပထမဆုရရှိသည့်ဆုအား တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် Follow Me & Secret အလှကုန်ပစ္စည်း ကံထူးရှင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၇

Tohtonku Senderian Berhad နှင့် Ta-Fa Trading Co., Ltd. တို့၏ ၂၀၀၅ခုနှစ် မဟာကံစမ်းမဲအစီအစဉ်များမှ ကံထူးရှင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ အနုပညာရှင်များ၊ စူပါမတ်ကက်ကြီးများနှင့် မြို့နယ်အသီးသီးရှိ စတိုးဆိုင်ကြီးများမှ ကိုယ်စားလှယ်များ၊ ဆုလက်ခံရယူသည့် ကံထူးရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Tohtonku Senderian Berhad မှ ပေးပို့သော သဝဏ်လွှာကို Mr. Hashim David က ဖတ်ကြားပြီး Ta-Fa Trading Co., Ltd. မှ Managing Director ဦးကျင်စိန်က နှုတ်ခွန်းဆက်စကား ပြောကြားကာ အဖွဲ့အစည်းများသို့ အလှူငွေများကို ပေးအပ်သည်။

ကံထူးရှင်ဆုပေးအပ်

ထို့နောက် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် အနုပညာရှင်များက ကိုယ်စားလှယ်အရောင်းဆိုင် ကံထူးရှင် ပထမဆု ၂၁လက်မ Panasonic TV နှင့် HT 700 DVD Home Theatre Package၊ ဒုတိယဆုငွေကျပ် သုံးသိန်းနှင့် တတိယဆုငွေကျပ် နှစ်သိန်းကို ချီးမြှင့်ကြသည်။ ဆက်လက်၍ Follow Me Green Tea Shampoo အထူးဆု ငွေကျပ် ၁၅သိန်း၊ ပထမဆု ရွှေငါးကျပ်သား၊ ဒုတိယဆု ရွှေသုံးကျပ်သား၊ တတိယဆု ရွှေနှစ်ကျပ်သား ဆုများကို ကံထူးရှင်များအား အသီးသီးပေးအပ်ကြသည်။

သုံးဆု

ယင်းနောက် Follow Me & Secret Beauty Products Grand Lucky Draw 2005 မှ ကံထူးရှင်များအား ဆုများဆက်လက်ချီးမြှင့်ရာ ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆုငွေ ကျပ်သိန်း ၂၀ နှင့် တတိယဆု ငွေကျပ် ၁၀သိန်း၊ စတုတ္ထဆု ၂၁လက်မ Panasonic TV (FJ) နှင့် HT 700 DVD Home Theatre Package၊ ပဉ္စမဆု ၂၁ လက်မ TV (FJ) နှင့် DVD နှစ်ဆုနှင့် ဆဋ္ဌမဆု ၂၁လက်မ TV (FJ) သုံးဆု တို့ဖြစ်သည်။

ကျေးဇူးတင်စကားပြောကြား

ဆုများချီးမြှင့်အပြီးတွင် Ta-Fa Trading Co., Ltd. မှ Executive Director ဦးထွန်းကြည်က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Follow Me Green Tea Shampoo ကံစမ်းမဲ နှစ်သိမ့်ဆု ၅၀ နှင့် Follow Me & Secret Beauty Products Grand Lucky Draw ကံစမ်းမဲ နှစ်သိမ့်ဆု ၁၀၀တို့ကို အမှတ် ၉၆၊ ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ်ရှိ ကုမ္ပဏီရုံးခန်း၌ မေ ၉ ရက်မှ ၃၁ရက်အထိ ထုတ်ပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် Follow Me & Secret အလှကုန်ပစ္စည်း ကံထူးရှင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် Ta-Fa Trading Co., Ltd. မှ Executive Director ဦးထွန်းကြည် ကံထူးရှင်များအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မိုးလေဝသအထူးသတင်း

ရန်ကုန် မေ ၇

ယနေ့မြန်မာစံတော်ချိန် ညနေ ၃း၃၀နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းအသင့်အတင့်ရှိမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ထစ်ချုန်းမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အီရတ်နှင့် အာဖဂန်နစ္စတန်စစ်ပွဲများကြောင့် အခြားလက်နက်ကိုင် ပဋိပက္ခများဖြေရှင်းရန် အမေရိကန်အစိုးရတွင် ကန့်သတ်မှုများရှိနေ

ဝါရှင်တန် မေ ၅

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံများတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် လက်နက်များ စုပုံရောက်ရှိနေမှုကြောင့် အမေရိကန်စစ်ဌာနချုပ်အနေဖြင့် အခြားပေါ်ပေါက်လာနိုင်သည့် လက်နက်ကိုင်ပဋိပက္ခများအား ကိုင်တွယ်ဖြေရှင်းရာတွင် အကန့်အသတ်များ ကြုံတွေ့နိုင်ကြောင်း အမေရိကန်သတင်းစာတွင် အင်္ဂါနေ့က ရေးသားလိုက်သည်။

အဓိက တိုက်ခိုက်မှုများပြုလုပ်ရန် လိုအပ်လာပါက ယင်းတိုက်ခိုက်မှုများသည် အချိန်ကြာရှည်လာနိုင်ပြီး အီရတ်နှင့် အာဖဂန်နစ္စတန် နိုင်ငံများတွင် အမေရိကန် စစ်ဌာနချုပ်၏ အရင်းအမြစ်များစုပြုံနေမှုကြောင့် တပ်ဖွဲ့ဝင် အသေအပျောက် မြင့်မားလာနိုင်ကြောင်း ပူးတွဲစစ်ဦးစီးချုပ်အဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ကြီးရစ်ချတ်မိုင်ယားစ်က အမေရိကန် အောက်လွှတ်တော်တွင် ပြောကြားသည်ဟု နယူးယောက်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့စဉ်အတွင်း ပစ်မှတ်တိကျစွာပစ်ခတ်နိုင်သည့် လက်နက်များဆုံးရှုံးမှုများနှင့်အီရတ်တိုက်ခိုက်မှုတွင် အင်အားဖြည့်ဆည်းခဲ့ရသည့် အရန်တပ်ဖွဲ့ဝင်များအတွက် အလေးထားနေရမှုတို့ကြောင့် စစ်မက်တိုက်ခိုက်ရေးအတွက် စီစဉ်ဆောင်ရွက်သူများ ကြိုတင်ဟောကိန်းထုတ်သည့်အတိုင်း အခြားပဋိပက္ခများ ပေါ်ပေါက်လာပါက အမေရိကန် စစ်ဌာနချုပ်အနေဖြင့် အလျင်အမြန် ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အကန့်အသတ်ရှိနေမည်ဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးမိုင်ယားစ်က ပြောကြားသည်။

အီရတ်နှင့် အာဖဂန်နစ္စတန် စစ်ပွဲများအား အလေးပေးနေရမှုကြောင့် အခြားစစ်ရေးအရ တိုက်ခိုက်မှုများတွင် ထိခိုက်မှုရှိကြောင်း မိုင်ယားစ်၏ ဝန်ခံပြောကြားချက်ကို အဆိုပါ သတင်းစာက ဆက်လက်ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှာဖွေစစ်ဆေး

အီရတ်နိုင်ငံအနှံ့ ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုများ ဖြစ်ပေါ်လာ၍ လူ ၄၅ဦး သေဆုံးခဲ့ပြီးနောက် မိုဆူးလ်မြို့တွင် လမ်းသွား၊ လမ်းလာ အီရတ်ပြည်သူများကို အမေရိကန်တပ်ဖွဲ့များက ရှာဖွေစစ်ဆေးနေသည်ကို မေ ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆီးရီးယားတပ်ဖွဲ့ရုပ်သိမ်းမှု အတည်ပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကိုဖီအာနန် တိုက်တွန်း

ကုလသမဂ္ဂ မေ ၆

လက်ဘနွန်အစိုးရကို ၎င်း၏နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကုလသမဂ္ဂမစ်ရှင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းလိုက်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ ဆတီဗင်ဒူဂျာရစ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂ အတည်ပြုရေး မစ်ရှင်အဖွဲ့မှ အဖွဲ့ဝင်များသည် လက်ဘနွန်နိုင်ငံမှ ဆီးရီးယားတပ်ဖွဲ့ ရုပ်သိမ်းမှုနှင့် ပတ်သက်၍ အတည်ပြုနိုင်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်များ ပိတ်ပင်ခံနေရကြောင်း၊ ဘီကားတောင်ကြားဒေသတွင် လုပ်ငန်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် ပါလက်စတိုင်းလက်နက်ကိုင်များက သတိပေးသည့်အနေဖြင့် လေထဲသို့ သေနတ်ပစ်ဖောက်ခဲ့ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်မှာ စိုးရိမ်ပူပန်မှုများဖြစ်မိကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကုလသမဂ္ဂ အတည်ပြုရေးမစ်ရှင်အဖွဲ့ ဘေးအန္တရာယ် လုံခြုံမှုရှိရေးအတွက် လက်ဘနွန်အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူမည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က မျှော်လင့်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်တွန်း

သက်ဆိုင်ရာ အဖွဲ့များသည် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အမှတ်–၁၅၅၉ ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းရန် ကိုဖီအာနန်က ထပ်လောင်း တိုက်တွန်းကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်နှင့်အတူ လက်ဘနွန်နိုင်ငံမှ ဆီးရီးယားတပ်ဖွဲ့ အပြည့်အဝ ရုပ်သိမ်းမှုရှိ၊ မရှိ ကုလသမဂ္ဂက အတည်ပြုပေးရမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

သမိုင်းဝင်နေရာများ ကာကွယ်စောင့်ရှောက်

ပေကျင်း မေ ၅

တရုတ်နိုင်ငံပေကျင်းမြို့တွင်သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာများ ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို တနင်္ဂနွေနေ့မှစ၍ အာဏာသက်ရောက်မည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်။

နည်းဥပဒေသစ်များအရ လူဦးရေ သိပ်သည်းမှုလျော့နည်းစေရန် လူနေမှုအဆင့်အတန်း မြင့်တက်လာရန် သမိုင်းဝင်နေရာများတွင် နေထိုင်သူများသည် အခြားနေရာများသို့ ပြောင်းရွှေ့ပေးရမည်ဖြစ်သည်။

ကာကွယ် စောင့်ရှောက်ရမည့် အဆောက်အအုံများကိုတရားမဝင် ဖယ်ရှားခြင်း၊ မွမ်းမံပြင်ဆင်ခြင်းနှင့် တိုးချဲ့ခြင်းပြုလုပ်သူများအား ဒဏ်ငွေအဖြစ် အမေရိကန် ဒေါ်လာ ၁၂၀၀၀ မှ ၂၄၀၀၀အထိချမှတ်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ကျန်ရစ်သော အပျက်အစီးများကို မေ ၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နိုင်ငံတကာသတင်းများ

ဗြိတိသျှမိသားစုများက အီရတ်စစ်ပွဲနှင့်ပတ်သက်၍ လူသိရှင်ကြား စုံစမ်းမှုပြုလုပ်ရန်တောင်းဆို

လန်ဒန် မေ ၅

အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ကျန်ရစ်သူမိသားစုများက ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ ရုံးခန်းသို့ အင်္ဂါနေ့က သွားရောက်ကြပြီး အီရတ်စစ်ပွဲ တရားဝင်မှုနှင့်ပတ်သက်၍ လူသိရှင်ကြား စုံစမ်းရန်အတွက် တောင်းဆိုကြသည်။

အီရတ်နိုင်ငံတွင် တနလ်ာနေ့က သေဆုံးခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်၏ မိခင်ဖြစ်သူက ၎င်း၏သား သေဆုံးမှုအတွက် ဝန်ကြီးချုပ်တိုနီဘလဲအား ပြစ်တင်ပြောကြားစဉ် ဖော်ပြပါအတိုင်း ဆန္ဒပြမှု ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

သေဆုံး

၎င်းမိခင်မှာ အင်ဝိတ်ဖီးလ်ဖြစ်ပြီး ၎င်း၏သား အသက် (၂၄)နှစ်ရှိ အန်ထော်နီဝိတ်ဖီးလ်သည် အီရတ်နိုင်ငံတောင်ပိုင်း အယ်လ်အမ်မာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တနလ်ာနေ့က သေဆုံးခဲ့ခြင်းဖြစ်သည်။

ပါဝင်

ဝန်ကြီးချုပ်တိုနီဘလဲ မိမိတို့အား လိမ်လည်သည်ဟု မိမိခံစားရကြောင်း၊ ၎င်းက ၎င်း၏ရာထူးနေရာ ခိုင်မြဲစေရန်အတွက် အီရတ်စစ်ပွဲအတွင်း ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း အင်ဝိတ်ဖီးလ်က ပြောကြားသည်။

ဝေဖန်

ဝန်ကြီးချုပ်တိုနီဘလဲမှာ အီရတ်စစ်ပွဲတွင် ပါဝင်ပတ်သက်မှုကြောင့် အပြင်းအထန် ဝေဖန်ခံနေရသူဖြစ်သည်။

စုံစမ်းစစ်ဆေးရေးတစ်ခုပြီး နောက် စုံစမ်းစစ်ဆေးရေးတစ်ခု ပြုလုပ်ခဲ့ကြောင်း၊ ယင်းကဲ့သို့ နောက်ကြောင်းပြန် လုပ်နေစရာမလိုအပ်ဟု မိမိပြောကြားလိုကြောင်း၊ ယင်းသို့ နောက်ကြောင်းပြန် ဆောင်ရွက်ရာတွင် ချင့်ချင့်ချိန်ချိန်မပြုလုပ်မိမှာကို စိုးရိမ်မိသည်။

စုံစမ်းမှုပြု

တိုနီဘလဲက အီရတ်တွင် သေဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များ၏ မိသားစုများက လူသိရှင်ကြား စုံစမ်းမှုပြုလုပ်ရန် ကိစ္စအား ရုပ်မြင်သံကြားဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီးနှင့်အင်ဂိုလာ ပူးပေါင်းဆောင်ရွက်မည်

ဘရာဆီးလီးယား မေ ၅

ဘရာဇီးနှင့် အင်ဂိုလာနိုင်ငံတို့က ဘူမိဗေဒ၊ သတ္တုတူးဖော်ရေး၊ ပြည်သူ့အုပ်ချုပ်ရေး၊ ဥပဒေရေးရာ၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် ခြောက်ခုတို့ကို အင်္ဂါနေ့က လက်မှတ်ရေးထိုးကြသည်။

ဘရာဇီးသမ္မတ လူလာဒါဆီလ်ဗာနှင့် အင်ဂိုလာသမ္မတ ဆန်တိုစ်တို့သည် ဘရာဆီးလီးယားမြို့တွင် တွေ့ဆုံဆွေးနွေးပြီးနောက် အဆိုပါသဘောတူညီချက်များအား လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အင်အားဖြည့်စေမည့် နည်းလမ်းများကို ဆွေးနွေးကြပြီး အထူးသဖြင့် ကုန်သွယ်မှုညီမျှရေးအတွက် ကုန်သွယ်ရေးပြဿနာများကို ဆွေးနွေးကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာ–တရုတ် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

ဘိုဂိုတာ မေ ၆

ကိုလံဘီယာနှင့် တရုတ်နိုင်ငံတို့သည် ပြည်သူ့ကျန်းမာရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် အတတ်ပညာဖလှယ်ရေးမြှင့်တင်ရန် ဗုဒ္ဓဟူးနေ့တွင် သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးကြသည်။

ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံအကြား နှစ်နှစ်ပူးတွဲလုပ်ငန်း စီမံကိန်းတစ်ရပ်ချမှတ်ပြီး ပြည်သူ့ကျန်းမာရေး၊ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးရေး၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်လုပ်ငန်း စီစဉ်ထားရှိရေး၊ ဆေးဘက်ဆိုင်ရာ သုတေသနပြုရေး၊ အရေးပေါ်ကိုင်တွယ်ဖြေရှင်းရေး၊ သင်တန်းပို့ချရေးနှင့် ရိက္ခာဖူလုံရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

သဘောတူစာချုပ်ကို ကိုလံဘီယာလူမှုရေး အကာအကွယ်ပေးရေးဝန်ကြီး ဒီဂိုပလာစီယိုဘီတန်ကူရီနှင့် တရုတ်ကျန်းမာရေး ဒုတိယဝန်ကြီး ဇန်ဖန်းလူတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ငှက်ဖျားရောဂါထိန်းချုပ်ရေးနှင့် ကျန်းမာရေး သုတေသနပြုရေးတို့ကဲ့သို့သော အရေးကြီးသည့် ကဏ္ဍများတွင် တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း ဘီတန်ကူရီက ပြောကြားသည်။

နှစ်နိုင်ငံ သဘောတူစာချုပ်သည် နှစ်နိုင်ငံ၏ ကျန်းမာရေးတာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ကဏ္ဍသစ် ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည်ဟု ဇန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက်တွင် ပခုက္ကူမြို့သို့ သွားရောက်ပြီး မြကန်သာပန်းခြံ ပြုပြင်မွမ်းမံရေးနှင့် ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့သည် ပခုက္ကူမြို့နယ် ကုက္ကိုလှ ကျေးရွာအုပ်စု ပေါက်အင်းအနီးရှိ မြကန်သာပန်းခြံသို့ ရောက်ရှိရာ မြကန်သာပန်းခြံနှင့် ပတ်သက်သည့် လက်ရှိအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို မကွေးတိုင်းစည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြကန်သာ ပန်းခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပခုက္ကူမြို့နယ် မကျီးသုံးပင်ရွာသို့ ရောက်ရှိပြီး စည်ပင်သာယာရေး ဦးစီးဌာနပိုင် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်နေပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မြိုင်မြို့နယ် အိုရင်းရွာသစ်သို့ ရောက်ရှိပြီး ဦးစီးဌာနပိုင် တွင်းတူးစက်ကြီးဖြင့် လေးလက်မ စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံကာ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ပခုက္ကူမြို့ရှိ လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား အိပ်ဆောင်များ၊ ထမင်းစားဆောင်နှင့် ကျောင်းရေရရှိရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီးက ကျောင်းဖွဲ့စည်းပုံ၊ ရေရရှိရေးနှင့် ကျောင်း အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရေးတို့ကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသားများအား ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြည်သာယာခန်းမသို့ရောက်ရှိပြီး ပခုက္ကူခရိုင်လုံးကျွတ်သန့်ရှင်းသောသောက်သုံးရေရရှိရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ပခုက္ကူခရိုင် ရေရရှိရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ပခုက္ကူ၊ ပေါက်၊ ရေစကြိုနှင့် မြိုင်မြို့နယ် အမှုဆောင်အရာရှိများက မြို့နယ်အလိုက် ကျေးရွာများ ရေရရှိရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ကျန်ရှိသည့် ကျေးရွာများ အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ငါးလအတွင်း အပြီးဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပခုက္ကူမြို့နယ် မကျီးသုံးပင်ရွာ၌ စည်ပင်သာယာရေးဦးစီးဌာနပိုင် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၇

မကွေးတိုင်း မကွေးမြို့၌ (၅၉) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက်တွင် မကွေးတိုင်း မီးသတ်ဦးစီးဌာနရုံးဝင်း၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒုတိယ ဗိုလ်မှူးကြီးဇော်သိန်း တက်ရောက်၍ (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး ဗဟိုမီးသတ် သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများမှ ဆုရရှိခဲ့ကြသည့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် သုံးဦးနှင့် တိုင်းအတွင်း စခန်းသန့်ရှင်းသာယာ လှပရေးဆုရရှိသော မြို့နယ် မီးသတ် စခန်းများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အရန်မီးသတ် တပ်ဖွဲ့ဝင်များက မီးသတ်စက်ကြီး၊ အပေါ့စား မီးသတ်စက်နှင့် အသက်ကယ် စွမ်းရည်များဖြင့် သရုပ်ပြသကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ချင်းပြည်နယ်တွင် လေ့လာရေးခရီး ရောက်ရှိနေသည့် ပြည်နယ်နှင့် တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ မင်းတပ်မြို့ မတူပီလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ လွိုင်ကော်မြို့၌ လှည့်လည်လေ့လာ

ရန်ကုန် မေ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်လူငယ်များ ပြည်နယ်နှင့်တိုင်းများသို့ အပြန်အလှန် လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိ လေ့လာနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များအား မေ ၅ရက် ညပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်ထွန်းက ပြည်နယ်နှင့်တိုင်း လူငယ်ကိုယ်စားလှယ် လေ့လာရေးအဖွဲ့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ လူငယ်ကိုယ်စားလှယ်များက ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အထိမ်းအမှတ်အလံနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အမှာစကားပြောကြား

မေ ၆ရက် နံနက်ပိုင်းတွင် လူငယ်ကိုယ်စားလှယ် လေ့လာရေးအဖွဲ့အား လွိုင်ကော်မြို့ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဂုဏ်ပြုနှုတ်ဆက်သည့် အခမ်းအနားကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်စွာမင်းက အမှာစကားပြောကြားသည်။

ရှင်းလင်းပြသ

အဆိုပါ လူငယ်လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် လွိုင်ကော်မြို့မှ နံနက်ပိုင်းတွင် ဆက်လက်ထွက်ခွာလာပြီး ဖယ်ခုံမြို့နယ် မိုးဗြဲရေလှောင်ကန်သို့ ရောက်ရှိလေ့လာကြရာ မိုးဗြဲ ရေလှောင်ကန် ရေထိန်းတံခါးတာဝန်ခံ အင်ဂျင်နီယာဦးလှမိုးက မိုးဗြဲရေလှောင်ကန်နှင့် ပတ်သက်၍ ရှင်းလင်းပြသခဲ့သည်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မင်းတပ်မြို့၌ လှည့်လည်လေ့လာ

ရန်ကုန် မေ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်လူငယ်များ ပြည်နယ်နှင့်တိုင်းများသို့ အပြန်အလှန် လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ပြည်နယ်နှင့် တိုင်းအသီးသီးမှလူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မေ ၃ရက် ည ၇ နာရီ မိနစ် ၅၀တွင် မင်းတပ် မြို့သို့ ရောက်ရှိကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်ရနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ည ၈နာရီတွင် လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနား ကျင်းပရာ ခရိုင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

မေ ၄ ရက် နံနက်ပိုင်းတွင် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရုံးကိုလည်းကောင်း၊ မင်းတပ်-မတူပီလမ်းရှိ ၁၂ မိုင်ရှိ လမ်းဖောက်လုပ်မှု၊ ကျောက်ထုတ်လုပ်မှု၊ ကျောက်ကြိတ်ခွဲမှု၊ ကတ္တရာခင်းဆောင်ရွက်မှု လုပ်ငန်းခွင်ကိုလည်းကောင်း၊ ကိုးမိုင် ဘောခ္ခီးစိုက်ပျိုးရေးခြံကိုလည်းကောင်း သွားရောက်လေ့လာကြသည်။

ယင်းနောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပသော အတွေ့အကြုံဖလှယ်ပွဲသို့ တက်ရောက်ကာ ပြည်နယ်၊ တိုင်း အသီးသီးမှ လူငယ်များက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း အမှတ်တရ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မေ ၅ ရက်တွင် နတ်မတောင် အမျိုးသားဥယျာဉ်နှင့် နတ်မတောင်ကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နွားနောက်ခြံကိုလည်းကောင်း ဆက်လက်သွားရောက်လေ့လာခဲ့ကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ အရှေ့ရန်ကင်း တိုက် ၂၈၀၊ အခန်း (၄)နေ မိခင်ကြီး ဒေါ်စံကြွယ်ဖြူအား ရည်စူး၍ သမီး-ဒေါ်စောခိုင်၊ ဒေါ်ရှင်ရှင်နှင့် မြေးများက သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်း ခြောက်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မေလအတွက်

(၈-၅-၂၀၀၅)ရက်နေ့

နှင့်

(၂၉-၅-၂၀၀၅)ရက်နေ့။

လူ့ဂုဏ်သိက္ခာ ကာကွယ်ရေး၊ ကြက်ခြေနီက စွမ်းဆောင်ပေး

PROTECTING HUMAN DIGNITY

အောင်ကျော်ဆန်း (MRCS)

မေလ ၈ ရက်နေ့သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။ နွေနှောင်းဝသန်ကာလ အခါသမယဖြစ်သည်။ ပိတောက်၊ ကံ့ကော်၊ စိန်ပန်း၊ ငုဝါတို့ လှပဝေစီ ပွင့်ဖူးနေကြသည်။ ထိုပန်းကလေးများနှင့်အတူ လှပဝေဆာ ပွင့်လန်းနေကြသည်က ထူးချွန်ကြက်ခြေနီ မောင်မယ်ကလေးများဖြစ်သည်။ သူတို့သည် မြန်မာနိုင်ငံတစ်ဝန်းမှ ထူးချွန်ထက်မြက်သူများအဖြစ် နိုင်ငံတော်က ရွေးချယ်ဂုဏ်ပြုသဖြင့် ရောက်ရှိလာကြသော စေတနာလုပ်အားရှင်များ ဖြစ်ကြလေသည်။ သူတို့ကား **"အကြင်နာလက်၊ အပြုံးမျက်နှာ၊ ချိုသာစကား၊ ကရုဏာနှလုံးသားပိုင်ရှင်များ"** ဖြစ်ကြလေသည်။

ကမ္ဘာ့ကြက်ခြေနီနေ့သည် သမိုင်းအစဉ်အဆက် ပြည်သူကို အလုပ်အကျွေးပြုခဲ့ကြသည့်ကြက်ခြေနီ စေတနာလုပ်အားရှင်များ မြတ်နိုးလေးစား တန်ဖိုးထားကြသည့် နေ့တစ်နေ့ဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီဖခင် ကြီး **ဟင်နရီဒူးနန့်**၏ မွေးနေ့လည်းဖြစ်သည်။ ဤနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသာမက ကမ္ဘာတစ်ဝန်းလုံးမှ ကြက်ခြေနီစေတနာရှင်၊ လုပ်အားရှင်များအားလုံး ပြုံးပျော်ရွှင်မြူးကြည်နူးကြလေသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲများ၊ ကြက်ခြေနီဘာသာရပ် ပြန့်ပွားရေးဟောပြောဆွေးနွေးပွဲများ၊ အခြေခံ၊ အဆင့်မြင့်၊ နည်းပြ၊ လူထုအတွင်း ရှေးဦးပြုစုခြင်း အခြေခံ သင်တန်းများ၊ ကြက်ခြေနီလူမှုကရုဏာလုပ်ရှားမှုများ ပြုလုပ်ကြလေသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်းအဖွဲ့ဝင် ကမ္ဘာတစ်ဝန်းလုံးရှိ ၁၈၁နိုင်ငံသော အမျိုးသားကြက်ခြေနီ အသင်းများသည်လည်း လူသားအကျိုးပြု ကြက်ခြေနီလှုပ်ရှားမှု လူမှုကရုဏာလုပ်ငန်းများဖြင့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုကြပေပြီ။ ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့၏ ဆောင်ပုဒ်မှာ **"လူ့ဂုဏ်သိက္ခာကာကွယ်ရေး၊ ကြက်ခြေနီက စွမ်းဆောင်ပေး"** Protecting Human Dignity ဖြစ်ပေသည်။ ထိုဆောင်ပုဒ်၏ အနှစ်သာရကို ကမ္ဘာတစ်ဝန်းရှိ ကြက်ခြေနီ စေတနာလုပ်အားရှင်များက လူမှုကရုဏာ စေတနာလှုပ်ရှားမှု နည်းလမ်းအသွယ်သွယ်ဖြင့် ဖော်ကျူးလျက်ရှိကြသည်။ လူ့ဂုဏ်သိက္ခာ ကာကွယ်ရေးအတွက် စေတနာလုပ်အားရှင်ကြက်ခြေနီတို့က မည်သို့ကာကွယ်ပေးလျက်ရှိပါသနည်း။ ထိုအဖြေကို ထင်ရှားသိလွယ် နှစ်သက်ဖွယ်ဖြစ်စေရန် ကြက်ခြေနီဖခင်ကြီး **ဟင်နရီဒူးနန့်**၏ ဘဝဇာတ်ကြောင်းက စရပေလိမ့်မည်။

ဟင်နရီဒူးနန့်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကြွယ်ဝချမ်းသာသော လူမှုကရုဏာရှင် မိသားစုမှ (၈-၅-၁၈၂၈)တွင် မွေးဖွားခဲ့သည်။ (၂၄-၆-၁၈၅၉)တွင် မိမိပိုင်စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်နိုင်ရေးအတွက် ပြင်သစ်ဘုရင် နပိုလီယန် (၃) ရှိရာ အီတလီမြောက်ပိုင်း လွမ်ဘာဒီဒေသသို့ သွားရောက်စဉ် ဆိုဖာရီနိုစစ်မြေပြင်ကို အမှတ်မထင်တွေ့မြင်ခဲ့လေသည်။ စစ်မြေပြင်တွင် သေဆုံး၊ ဒဏ်ရာရသူ စစ်သားပေါင်း လေးသောင်းကျော်၏ ခံစားရမှု ဝေဒနာအဖုံဖုံကို မြင်တွေ့ကာမျှဖြင့် သနားကြင်နာ ကိုယ်ချင်းစာမိလေတော့သည်။ မိမိ၏ ကိုယ်ကျိုးအတ္တမှန်သမျှ စွန့်လွှတ်ကာ ကက်စတီလီအုန်းမြို့သားများ၊ ဆိုဖာရီနို ရွာသားများကို စည်းရုံးကာ သေအံ့မူးမူး လူနာများ၊ ဒဏ်ရာရစစ်သားများကို ပြုစုစောင့်ရှောက်သည်။ မိမိပိုင်ငွေကြေး၊ လုပ်ငန်း အတွက် ချေးငှားလာသော ငွေကြေးများကို ဤလူမှုကရုဏာ လုပ်ငန်းများတွင် အသုံးချသည်။ နပိုလီယန် ဘုရင်(၃)ထံ ရောက်သည့်အခါတွင်လည်း မိမိအတွက် မြေယာ တောင်းဆိုရမည့်အစား စစ်မြေပြင်တွင် ဒဏ်ရာရသူများအတွက် လူမှုကရုဏာလိုအပ်ချက်များကိုသာ တောင်းဆိုခဲ့သည်။

ဤသို့ဖြင့် **"ကြက်ခြေနီအစ ဟင်နရီဒူးနန့်၏ စာနာတတ်သောနှလုံးသားက"**၊ **"ရှေးဦးပြုစုခြင်းအစ ဆိုဖာရီနိုစစ်မြေပြင်က"**၊ **"အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာ ဥပဒေအစ ဆိုဖာရီနိုစစ်မြေပြင်က"**၊ **"ကြက်ခြေနီ လှုပ်ရှားမှု၏ အခြေခံမူ (၇)ချက်အစ ဆိုဖာရီနိုစစ်မြေပြင်က"**ဟူသော သမိုင်းဝင်အယူအဆများကို လူ့သမိုင်းစဉ်တွင် ကမ္ပည်းတင်ခဲ့ရလေသည်။ **"အားလုံးဟာ ညီအစ်ကိုတွေပါကွာ"** ဆိုသောစကားသည်လည်း ကမ္ဘာကျော်ခဲ့ပြီ။ **ဟင်နရီဒူးနန့်"**သည် **ဆိုဖာရီနို**စစ်မြေပြင်၏ မြင်ကွင်းနှင့် လူမှုကရုဏာလှုပ်ရှားမှု ဖြစ်စဉ်များကို **ဆိုဖာရီနိုသို့ သတိရဖွယ်** "Memorial of Soferino" စာအုပ်ကို ပြင်သစ်ဘာသာဖြင့် ၁၈၆၂ ခုနှစ်တွင် ရေးသားဖြန့်ဝေခဲ့သည်။

ကြက်ခြေနီသည် လူသားအကျိုးကို ဂုဏ်သိက္ခာရှိရှိ ကယ်တင်သယ်ပိုးနိုင်ခဲ့ကြောင်း ပထမကမ္ဘာစစ်ကြီးကာလ လူမှုကရုဏာလုပ်ငန်းများက သက်သေပြလျက်ရှိပေရာ ကြက်ခြေနီ၏မွန်မြတ်သော အနှစ်သာရများ ကမ္ဘာအဝန်းပိုမိုပျံ့နှံ့လာပြီး ၁၉၁၉ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများဖက်ဒရေးရှင်း (IFRC) (ယခင် LEAGUE OF FEDERATION)ကို ဖွဲ့စည်းနိုင်ခဲ့သည်။

၁၈၉၅ ခုနှစ်တွင် သတင်းစာဆရာတစ်ဦး၏ ဖော်ထုတ်ချက်အရ ဟင်နရီဒူးနန့်သည် ကမ္ဘာကျော်အောင် ပြန်လည်ထင်ရှားကာ ဘွဲ့၊ ဆုတံဆိပ်၊ ချီးမြှင့်ငွေများစွာရရှိခဲ့သည်။ သို့သော် သူပိုင်ငွေနှင့် ပစ္စည်းအားလုံးကို လူမှုကရုဏာလုပ်ငန်းများသို့ လှူဒါန်းခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ တောင်ပေါ် ဟေဒင်ရွာကလေး၌ပင် သာမန်လူတစ်ဦး၏ သေဆုံးခြင်းမျိုးဖြင့် ဘဝကို နိဂုံးချုပ်ခဲ့ရှာလေသည်။ ဟင်နရီဒူးနန့် ကွယ်လွန်ခဲ့သည်မှာ ယနေ့ဆိုလျှင် ၁၇၇ နှစ်တိုင်ခဲ့ချေပြီ။

သို့သော် ကြက်ခြေနီဖခင်ကြီး စိုက်ပျိုးခဲ့သော ကြက်ခြေနီ လူမှုကရုဏာ သစ်ပင်ကြီးက ရှင်သန်ကြီးထွား မျိုးစေ့ပွားလျက်ရှိသည်မှာ ကမ္ဘာနှင့်အဝန်း ဖြစ်ပေသည်။ ကြက်ခြေနီဖခင်ကြီး ဟင်နရီဒူးနန့်အား ကမ္ဘာတစ်ဝန်းလုံးမှ မြတ်နိုးလေးစား တန်ဖိုးထားခဲ့ကြသည်။ ယနေ့တိုင် မမေ့နိုင်အောင်လည်း တမ်းတနေကြဆဲဖြစ်သည်။

အဘယ်ကြောင့် ထိုသို့ တန်ဖိုးထားနေကြပါသနည်း။ မျက်မှောက်ခေတ်ကမ္ဘာတွင် လူမှုပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ကမ္ဘာ့လူသား ၂၁၆ သန်းကျော် နှစ်စဉ် ဘေးအန္တရာယ် ကြုံတွေ့လျက်ရှိကြသည်။ ထိုလူသားအပေါင်းတို့ကို ဖက်ဒရေးရှင်းအဖွဲ့ဝင် ၁၈၁ နိုင်ငံမှ စေတနာလုပ်အားရှင် ၉၇ သန်းကျော်၊ ဝန်ထမ်းသုံးသိန်းကျော်တို့က နှစ်စဉ်ဘေးအတန်တန်၊ ရန်အသွယ်သွယ်၊ အန္တရာယ်အဝဝတို့မှ ဖေးမကယ်တင်နိုင်ခဲ့ကြသောကြောင့် ဖြစ်ပေသည်။

ထိုသို့ လူသားအကျိုးပြု ကြက်ခြေနီအနှစ်သာရများက အဘယ်နည်း။ **"ကြက်ခြေနီဆိုသည်မှာ အတ္တကိုယ်ကျိုး မမျှော်ကိုးဘဲ၊ အန္တရာယ်ကျရောက်နိုင်သူများနှင့် ဘေးဒုက္ခကျရောက်နေသူများကို ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ (၇)ချက်နှင့်အညီ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေဘောင်အတွင်းမှ လူမှုကရုဏာ လုပ်ငန်းများ ဆောင်ရွက်ပေးသည့် စေတနာလုပ်အားရှင်ဖြစ်သည်"**။ ကြက်ခြေနီလုပ်ရှားမှု၏ အခြေခံမူ (၇)ချက်ဆိုသည်မှာလည်း **"လူမှုကရုဏာဖြင့် စာနာခြင်း၊ ခွဲခြားမဆက်ဆံခြင်းနှင့် ဘက်မလိုက်ခြင်း၊ ကြားနေခြင်း၊ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ စေတနာဖြင့် အကျိုးဆောင်ခြင်း၊ တစ်ခုတည်းသော စည်းလုံးညီညွတ်မှုရှိခြင်း၊ ကမ္ဘာ့အဝန်း လွှမ်းခြုံခြင်း"**တို့ဖြစ်ပါသည်။ ယင်းအနှစ်သာရများကို အခြေခံသည့် **အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာ ဥပဒေ** (International Humanitarian Law)ကို ဂျီနီဗာ အများသဘောတူ စာချုပ်ဟုခေါ်သည်။

ယင်းစာချုပ်၏ အနှစ်သာရများဖြစ်သည့် ပထမစာချုပ် (၁၈၆၄)မှာ **"စစ်မြေပြင် ဒဏ်ရာရသူများအား ကာကွယ်စောင့်ရှောက်ရေး ဥပဒေ"**၊ ဒုတိယစာချုပ်(၁၉၀၆)မှာ **"သမုဒ္ဒရာ ပင်လယ်ပြင်တွင် နာမကျန်း ဒဏ်ရာရသူများ၊ သင်္ဘောပျက်စဉ် စစ်ဘက်ဆိုင်ရာများ၊ ကာကွယ်စောင့်ရှောက်ရေး ဥပဒေ"** တတိယစာချုပ် (၁၉၂၉)မှာ **"စစ်သုံ့ပန်းများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေ"**နှင့် စတုတ္ထစာချုပ် (၁၉၄၉)မှာ **"အရပ်သားများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ"**တို့ဖြစ်ကြသည်။

ဤဂျီနီဗာအများသဘောတူ စာချုပ်လေးခုကို မြန်မာနိုင်ငံအစိုးရက ၁၉၉၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းဥပဒေသည် လူ့ဂုဏ်သိက္ခာ ကာကွယ်ရေး အတွက် လွန်စွာတန်ဖိုးကြီးမားသည့် အနှစ်သာရများဖြစ်ကြောင်း အထင်ကရ မြင်တွေ့နိုင်ကြမည်ဖြစ်ပေသည်။ ယင်းလူ့ဂုဏ်သိက္ခာ ကာကွယ်ရေးကို စွမ်းဆောင်ပေးနေသူများမှာ ကြက်ခြေနီစေတနာ လုပ်အားရှင်များဖြစ်ပေရာ ယခုနှစ်ကမ္ဘာ့ ကြက်ခြေနီနေ့ ဆောင်ပုဒ်ကို **လူ့ဂုဏ်သိက္ခာ ကာကွယ်ရေး၊ ကြက်ခြေနီက စွမ်းဆောင်ပေး** (Protecting Human Dignity) ဟု သတ်မှတ်ခြင်းမှာ လွန်စွာသင့်မြတ်လှပါသည်။

သို့ဆိုပါလျှင် ၁၉၂၀ပြည့်နှစ်က စတင်ပေါ်ထွန်းလာခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအနေဖြင့် ၈၅နှစ်တာကာလအတွင်း လူ့ဂုဏ်သိက္ခာ ကာကွယ်ရေးနှင့် လူမှုကရုဏာလုပ်ငန်းများ မည်သည့်အတိုင်းအတာအထိ စွမ်းဆောင်အောင်မြင်လျက်ရှိပါသနည်း။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် အစဉ်အလာကြီးမားသည့် လူမှုကရုဏာ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ အသင်း ကြီး၏ ရည်ရွယ်ချက်မှာ **ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်**ဖြစ်သည်။ လုပ်ငန်းစဉ်သုံးရပ်မှာ **ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေး တားဆီးရန်၊ ဘေးဒုက္ခကျရောက်သူများအား ကူညီရန်**တို့ဖြစ်သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ မျှော်မှန်းချက်မှာ **"မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဘေးအန္တရာယ်ကျရောက်လွယ်သူနှင့် ဘေးဒုက္ခရောက်နေသူများအတွက် အများပြည်သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် ကရုဏာလုပ်ငန်းများကို အချိန်အခါမရွေး လုပ်ဆောင်သော ထိပ်တန်းအဖွဲ့အစည်း ဖြစ်လာစေရန်"** ဖြစ်ပေသည်။ ယင်း မွန်မြတ်သော မျှော်မှန်းချက်အတွက် လုပ်ဆောင်ချက်မှာ **"မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွင်းလည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း၊ ကျန်းမာရေးမြှင့်တင်ရန်နှင့် ဘေးအန္တရာယ် ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်မည်။ ဘေးဒုက္ခကျရောက်ချိန်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ဘေးဒုက္ခ ကျရောက်နေသူများအား ၎င်းတို့၏ ပုံမှန်ဘဝ ပြန်လည်ရောက်ရှိစေရန် ကူညီ ဆောင်ရွက်မည်"**ဟူ၍ ဖြစ်ပေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ အထက်ပါရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ မျှော်မှန်းချက်၊ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်လျက်ရှိသူများမှာ ဗဟိုနှင့်အဆင့်ဆင့်သော အမှုဆောင်ကော်မတီများ၊ ကြီးကြပ်မှုကော်မတီဝင်များ၊ သာမန်နှင့် ရာသက်ပန်အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူငယ်နှင့် ကျောင်းကြက်ခြေနီများ၊ စေတနာလုပ်အားရှင်များ၊ ဝန်ထမ်းများနှင့် အလှူရှင် များဖြစ်ကြပေသည်။ အထက်ပါ ပုဂ္ဂိုလ်အားလုံးတို့မှာ လူမှုကရုဏာရှင်များ ဖြစ်ကြပေသည်။

ထိုသူအပေါင်းသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကိုယ်စားကိုယ်ပွားများအဖြစ် ပြည်သူအပေါင်းကို စာနာစိတ်အပြည့်ဖြင့် ပါရမီဖြည့်လျက်ရှိကြသည်။ ထိုသူတို့၏ ကျေးဇူးကြောင့် မွန်မြတ်သော ကြက်ခြေနီကရုဏာလုပ်ငန်းများ၊ သမိုင်းစဉ်ဆက် အောင်မြင်လျက်ရှိလေသည်။ **"နိုင်ငံတော်အေးချမ်း သာယာရေး၊ ကြက်ခြေနီက ဝိုင်းဝန်းပေး"**၊ **"လူသားကမ္ဘာဂုဏ်သိက္ခာ"**၊ **"လူသားကရုဏာ စွမ်းဆောင်ရာ"**၊ **"နေရာမရွေးလူမရွေး၊ မနှေးကူညီ၊ ကြက်ခြေနီ"** **"ရှေးဦးပြုစု၊ လူမှုကရုဏာ၊ အပေါင်းလက္ခဏာ"**၊ **"တစ်ကိုယ်ကောင်းစိတ်ကင်းစာနာခြင်း၊ ရိုင်းပင်းကူညီကြက်ခြေနီ"**၊ **"ဘေးဒုက္ခကြုံ အလုံးစုံ၊ စွမ်းကုန်ကူညီကြက်ခြေနီ"** **"ကြက်ခြေနီဆိုတဲ့စကား၊ လူတိုင်းသိစေသား"** ဟူသည့် ဆောင်ပုဒ်များသည် ပြည်သူကြားတွင် ရေပန်းစားခဲ့သည်။

ဤအချိန် ဤအခါ ဤကာလကို ရောက်လေတိုင်း ကြက်ခြေနီအမြင့်ဆုံး ဟင်နရီဒူးနန့်ဆုရ ကြက်ခြေနီတပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့်၊ ဖလော်ရင့်နိုက်တင်ဂေး ဆုရများဖြစ်ကြသည့် ဗိုလ်မှူးဒေါ်ခင်အုန်းမြ(ငြိမ်း)၊ သူနာပြုဆရာမကြီး ဒေါ်အမ်ယောနမ်၊ သူနာပြုဆရာမ ဒေါ်သိန်းရီနှင့် ထူးချွန်ကြက်ခြေနီ မောင်မယ်များ၊ စေတနာလုပ်အားရှင် လူမှုကရုဏာရှင် ကြက်ခြေနီအပေါင်းတို့အား ဤဆောင်းပါးဖြင့် လေးစားစွာ ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် လူမှုရေးဆောင်ရွက်ချက်များနှင့် ပတ်သက်လျှင် အစဉ်အလာကြီးမားပြီး စွမ်းဆောင်ရည်မြင့်မားသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးပြု လုပ်ငန်းများမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိနေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်နေရသည်။

ဗဟိုကောင်စီဝင်များ အမှုဆောင်အဖွဲ့ဝင်များ၏ ဦးဆောင်မှုအောက်တွင် ကြက်ခြေနီအသင်းဝင်များ ကြက်ခြေနီတပ်ဖွဲ့ဝင်များအားလုံးက အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေး စိတ်ဓာတ်နှင့် ကြက်ခြေနီ လူမှုကရုဏာ စိတ်ဓာတ် အပြည့်အဝဖြင့် တသွေးတည်း တသားတည်း၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟုယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် လူမှုရေးဆောင်ရွက်ချက်များနှင့်ပတ်သက်လျှင် အစဉ်အလာကြီးမားပြီး စွမ်းဆောင်ရည်မြင့်မားသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းကြီး ဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးပြု လုပ်ငန်းများမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိနေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်နေရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပခုက္ကူမြို့နယ် ကျွန်းချောင်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း) စက်ရုံရှိဓာတ်ငွေ့စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✧ **ရွှေဖုံးမှ**

မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးတိုင်း ပုဂံ-ညောင်ဦးသို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ရဟတ်ယာဉ်ဖြင့် ပခုက္ကူမြို့နယ် ကျွန်းချောင်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း) သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက်စက်ရုံရှင်းလင်းဆောင်၌ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ စက်ရုံပြုပြင်နေမှု၊ ပြုပြင်ပြီးနောက် ဓာတ်မြေသြဇာထုတ်လုပ်နိုင်မည့်ပမာဏ၊ စက်ရုံ၌ ပြင်ဆင်ရန်လိုအပ်သည့် စက်ပစ္စည်းများ၊ ပြည်တွင်း၌တီထွင် ထုတ်လုပ်နိုင်သည့်စက်ပစ္စည်းများနှင့် ကုန်ကျမည့်တန်ဖိုးများ၊ စက်ရုံမှ နှစ်အလိုက်ဓာတ်မြေသြဇာ ထုတ်လုပ်နိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်က အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)၏ ကုန်ထုတ်လုပ်မှုနည်းစဉ်ကိုလည်းကောင်း၊ စက်ရုံမှူး ဦးစိန်ကျော်သန်းက စက်ရုံ၏ လက်ရှိအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကိုမေးမြန်းမှာကြားသည်။

ထို့နောက်စက်ရုံ၏ လေဖိအားမြင့်စက်နှင့်လေဖိအားမြင့်စက်တွင် အသုံးပြုသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဓာတ်ငွေ့စက်ရုံနှင့် ဓာတ်ငွေ့စက်ရုံ၌ အသုံးပြုသည့် မီးခံအုတ်များကိုလည်းကောင်း၊ အမိုးနီးယားဓာတ်ပေါင်းစက်ရုံ၏ စက်ပစ္စည်းများကိုလည်းကောင်း၊ ယူရီးယားဓာတ်ပေါင်းစက်ရုံ၊ အမိုးနီးယားစုဆောင်းကန်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်လှောင်ကန်တို့ကိုလည်းကောင်း အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပင်မထိန်းသိမ်းရေးအလုပ်ရုံ၌ စက်ရုံအတွက်လိုအပ်သည့် စက်ပစ္စည်းများ ခုတ်စားနေမှုနှင့် ထုတ်လုပ်ထားသည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)မှာ မူလတည်ဆောက်ခဲ့စဉ်က တစ်ရက်လျှင်ယူရီးယား ဓာတ်မြေသြဇာမက်ထရစ်တန် ၂၀၇တန် ထုတ်လုပ်နိုင်စွမ်းရှိသည့် စက်ရုံဖြစ်သည်။ နှစ်ပေါင်း ၃၀ကျော် စက်ရုံသက်တမ်းကြာရှည်လာသည်နှင့်အမျှ စက်ရုံ၏ချွတ်ယွင်းအားနည်းလာသောအစိတ်အပိုင်းများကို ပြန်လည်ပြုပြင်မွမ်းမံပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင်ကြိုးပမ်းနေခြင်းဖြစ်သည်။

အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ရဟတ်ယာဉ်ဖြင့် ချောက်မြို့နယ်ရှိ အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ ရောက်ရှိကြရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းနှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ၊ စက်ရုံကိုအကြီးစားပြင်ဆင်ခဲ့မှုများ၊ စက်ရုံ၏ ဓာတ်မြေသြဇာထုတ်လုပ်နိုင်မှုစွမ်းအားနှင့် နှစ်အလိုက်ထုတ်လုပ်ခဲ့မှုများ၊ နှစ်အလိုက်လုပ်ငန်း ကုန်ကျစရိတ်နှင့်ဝင်ငွေအချိုးအစား၊ မွမ်းမံပြင်ဆင်ရန် လိုအပ်သည့်စက်ပစ္စည်းများနှင့် ပြည်တွင်းမှ ရရှိနိုင်မည့်စက်ပစ္စည်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်က စက်ရုံ၌ အမိုးနီးယားအလုပ်ရုံ၊ ယူရီးယားအလုပ်ရုံများ ခွဲခြားထားမှုနှင့် စက်ရုံ၏ ဓာတ်မြေသြဇာထုတ်လုပ်မှု နည်းစဉ်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ(စလေ)ရှိ အမိုးနီးယားစက်ရုံ အခြေအနေနှင့် ယူရီးယားစက်ရုံ အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ရုံ(ခ)ရှိ ယူရီးယားစက်ရုံနှင့် အမိုးနီးယားစက်ရုံတို့ကိုလည်းကောင်း၊ အမိုးနီးယား ကွန်ပရက်ဆာစက်နှင့် ထိန်းချုပ်ခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

စက်ပစ္စည်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ပခုက္ကူမြို့နယ် ကျွန်းချောင်းရှိ စွမ်းအင် ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း) စက်ရုံရှိပင်မထိန်းသိမ်းရေး အလုပ်ရုံမှ ထုတ်လုပ်ထားသည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချောက်မြို့နယ်ရှိ အမှတ် (၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)ကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)ရှိ မူလစက်တပ်ဆင်အင်အားတို့အရ စက်ရုံ(က)မှာ ယူရီးယား ဓာတ်မြေသြဇာတစ်ရက်လျှင် မက်ထရစ်တန် ၂၀၅တန် ထုတ်လုပ်နိုင်ပြီး စက်ရုံ(ခ)မှာ ယူရီးယား ဓာတ်မြေသြဇာတစ်ရက်လျှင် မက်ထရစ်တန် ၂၆၀ ထုတ်လုပ်နိုင်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စလေရှိ ရှေးဟောင်းသမိုင်းဝင် စလေရုပ်စုံကျောင်းတော်ကြီးသို့လည်း ဝင်ရောက်ပြီး ကျောင်းတော်ကြီးရှိ အရုပ်များ၊ ရှေးဟောင်းလက်ရာ ပစ္စည်းများကို ကြည့်ရှုလေ့လာ၍ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း

ထို့နောက်ချောက်မြို့နယ် စလေဒေသရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန၏ ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မကွေးခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်လင်းက ဥမင်ကိုးပေါက်လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ စိုက်ပျိုးရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းနှင့်ချောက်မြို့နယ်မှ စိုက်ပျိုးရေးဆိုင်ရာ တာဝန်ရှိသူများက မြစ်ရေတင်စီမံကိန်းကြောင့် နွေစပါးစိုက်ပျိုးနိုင်မှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဤဒေသရှိ သဲဆန်သောမြေများကို ရေရရှိပြီး စပါးတစ်သီးအနည်းဆုံး စိုက်ပျိုးလာနိုင်ရေး၊ ဒေသဝမ်းစာဖူလုံရေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ⇨

➪ စာမျက်နှာ ၇ မှ

ထိုမှတစ်ဆင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်ရေး၊ ဒေသ စိမ်းလန်းစိုပြည်ရေးတို့အတွက် နိုင်ငံတော်က ငွေကြေးများစွာ အကုန်အကျခံ၍ ဤကဲ့သို့သော လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ဒေသခံတောင်သူများ၏ ယာသီးနှံ ပဲ၊ နှမ်း စိုက်ပျိုးမှုအပြင် စပါးကိုပါ တိုးချဲ့စိုက်ပျိုးလာနိုင်အောင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက တာဝန်သိသိ၊ စေတနာရှိရှိဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်သွားကြရန်၊ နိုင်ငံတော်၏စေတနာနှင့် ရည်မှန်းချက်များကို လက်တွေ့ဖြစ်မြောက်အောင်မြင်စေရန် ဒေသအလိုက် တာဝန်ယူဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေတင်စခန်းနှင့် ရေတင်ပိုက်ကြီးများကို ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နိုင်ငံတော်ကစီစဉ်ပေးထားသည့် ရေရရှိရေးစီမံကိန်းကို မိမိအကျိုး၊ ဒေသအကျိုးအတွက် စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင် ကြိုးပမ်းကြရန် မှာကြားသည်။

ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ ဧက ၇၈၀၀ကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။ ယခင်က ပဲ၊ နှမ်း စသည့် ယာသီးနှံများသာ စိုက်ပျိုးခဲ့သည့် ဤဒေသ၌ မိုးစပါး၊ နွေစပါးကို လျှပ်စစ်မြစ်ရေတင်စီမံကိန်းကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်နေပြီဖြစ်သည်။

မန်းရေနံမြေ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် ရဟတ်ယာဉ်ဖြင့် စလေမြို့မှ မင်းဘူးမြို့ မန်းရေနံမြေသို့ ရောက်ရှိကြသည်။

ထို့နောက် မန်းရေနံမြေညွှန့်ရိပ်သာ၌ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မန်းရေနံမြေနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ မန်းရေနံမြေနှင့် ဆက်စပ်လျက်ရှိသည့် ထောက်ရှာပင် ရေနံမြေ၊ ကမ်းနီရေနံမြေတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ရေနံမြေများ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူရရှိနိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မေးမြန်းမှာကြားသည်။

ပခုက္ကူမြို့နယ် ကျွန်းချောင်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂)စက်ရုံ (ကျွန်းချောင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သရက်ဘိလပ်မြေစက်ရုံ အမှတ်(၂) မီးသင်းဖို၏ အသစ်လဲလှယ်ရမည့် အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှုတ်ဆက်အားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန်းရေနံမြေ၌ တူးဖော်လျက်ရှိသည့် တွင်းအမှတ်(၆၅၄)ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၊ ဝန်ထမ်းများအား နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ စုပေါင်းလက်ခံစခန်း(၅)သို့ သွားရောက်ကြပြီး ရေနံများ စုဆောင်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် ရဟတ်ယာဉ်ဖြင့် သရက်မြို့သို့ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သရက်ဘိလပ်မြေစက်ရုံ၏ ထုံးကျောက်တောင်သို့ သွားရောက်ကြပြီး ထုံးကျောက်တောင်အကျယ်အဝန်း၊ စက်ယန္တရားများဖြင့် ထုံးကျောက်များ တူးဖော်သယ်ယူနေမှုတို့ကို ရှုရပ်မှ ကြည့်ရှုကြသည်။

ကြည့်ရှု

ဆက်လက်၍ ကျောက်ကျင်းဌာနသို့ သွားရောက်ကြပြီး ထုံးကျောက်များကို စက်ဖြင့်ကြိတ်ခွဲမှု၊ ထုံးကျောက်များကို စက်ရုံသို့ ကောင်းကင်ကြိုးလိုင်းဖြင့် သယ်ပို့မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက သရက်ဘိလပ်မြေစက်ရုံသမိုင်းအကျဉ်း၊ မီးသင်းဖိုသုံးခုဖြင့် ဘိလပ်မြေထုတ်လုပ်နေမှုများ၊ စက်ရုံ၌ ရင်းနှီးမြှုပ်နှံထားမှုများ၊ အသစ်လဲလှယ်ရမည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းလိုအပ်ချက်များ၊ သဘာဝဓာတ်ငွေ့၊ မီးထိုးဆီ၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များနှင့် ရရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက သရက်ဘိလပ်မြေစက်ရုံရှိ ကျောက်ခွဲစက်များ၊ ကုန်ကြမ်း/

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခုတင် ၁၀၀ဆံ့ သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသအလိုက် ဖြည့်ဆည်းထောင်ရွက်

ပြည်ထောင်စုတ

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သရက်ခရိုင်ခန်းမ၌ သရက်ခရိုင်နှင့် သရက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်
စက်ရုံက ထုတ်လုပ်သည့် စက်အရန်ပ

ကုန်ချော ကြိတ်စက်များအခြေအနေ၊ ကော
ပြုပြင်ရန်လိုအပ်မှုများ၊ ယာဉ်ယန္တရားလိုအ
ထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်မွမ်းမံရ
ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်
ဦးတင်အောင်က သရက်ဘိလပ်မြေစက်
စီစဉ်ဆောင်ရွက်ပေးထားသည့် အခြေအ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွ
လျက်ရှိသည့် အခြေအနေများကို ရှင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချု
ထုတ်နိုင်ရေးအတွက် လိုအပ်ချက်များကိ

- ❐ မိမိတို့နိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်
ပညာတတ် လူ့အရင်းအမြစ်များလည်း ပေါက်ဖွားလာ
အိမ်နီးချင်းနိုင်ငံများနှင့်အတူ ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတ
- ❐ ပြည်သူများ ဝမ်းဝခါးလှအောင်၊ ပြည်သူများ အမှန်
သုံးသပ်နိုင်သည့် ပညာရည်ရရှိအောင် မိမိတို့လက်
ပျိုးထောင်နိုင်ရန် အရေးကြီး၊ သို့မှသာ မိမိတို့နှင့်
ညီထွေသည့် အနာဂတ် ဒီမိုကရေစီလူ့နေမှုစနစ်တစ်
ထူထောင်သွားနိုင်မှာဖြစ်။

ဒေသအလိုက် ဆန်စပါးဖူလုံမှုရှိအောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်ထောင်စုတစ်ရပ်လုံး၏ စီးပွားရေးခိုင်မာတောင့်တင်းပြီး ကိုယ့်ခွန်ကိုယ့်အားအပေါ် ခိုင်မြဲစွာရပ်တည်နိုင်မည်

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သရက်ခရိုင်ခန်းမ၌ သရက်ခရိုင်နှင့် သရက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သရက်ဘိလပ်မြေစက်ရုံက ထုတ်လုပ်သည့် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုန်ချော ကြိတ်စက်များအခြေအနေ၊ ကောင်းကင်ကြိုးလိုင်းများ အခြေအနေနှင့် ပြုပြင်ရန်လိုအပ်မှုများ၊ ယာဉ်ယန္တရားလိုအပ်မှုများ၊ စက်စွမ်းအားပြည့် ဘိလပ်မြေထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်မွမ်းမံရန် လိုအပ်သည့် စက်ပစ္စည်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးတင်အောင်က သရက်ဘိလပ်မြေစက်ရုံအတွက် လျှပ်စစ်ဓာတ်အားရရှိရေး စီစဉ်ဆောင်ရွက်ပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မီးထိုးဆီခွဲဝေရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စက်စွမ်းအားပြည့် ဘိလပ်မြေထုတ်နိုင်ရေးအတွက် လိုအပ်ချက်များကို ပြန်လည်စိစစ်ညှိနှိုင်းပေးသည်။

သရက်မြို့ ဖွံ့ဖြိုးမှုကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သရက်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းသို့ သွားလာကြည့်ရှုရာ၌ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကြိုဆိုနှုတ်ဆက်ကြသည့် သရက်မြို့ ဒေသခံတပ်ရင်းမှ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညနေ ၆နာရီတွင် သရက်မြို့ သရက်ခရိုင်ခန်းမ၌ သရက်ခရိုင်နှင့် သရက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စန်းက သရက်ခရိုင်၏ အကျယ်အဝန်းနှင့် လူဦးရေ၊ မြေသယံဇာတတည်ရှိမှု၊ မိုးရွာသွန်းမှု၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့် အကျိုးပြုဧကများ၊ မိုးစပါး၊နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးဖြစ်ထွန်းမှုများ၊ ဒေသဝမ်းစာနှင့် စားသုံးဆီဖူလုံမှုများ၊ သား၊ ငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၊ လူတစ်ဦးချင်းဝင်ငွေနှင့် ခရိုင်နှင့်မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် သရက်မြို့ကို မိမိတို့ရောက်ရှိလာစဉ် လုပ်ကိုင်ဆောင်ရွက်ပေးရန်ရှိသည်များကို ဆောင်ရွက်ပေးရန်နှင့် နယ်မြေအခြေအနေအရပ်ရပ်ကို သိရှိရန် ယခုကဲ့သို့ မြို့မိမြို့ဖများ အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း။

သရက်မြို့သည် တည်တည်ငြိမ်ငြိမ် ကြန္ဓေရရဖြင့် မိမိတို့၏ စားဝတ်နေရေး၊ စီးပွားရေးလုပ်ငန်းများကို အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်နေကြသကဲ့သို့ တစ်ဖက်မှလည်း မိမိမြို့၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဒေသတာဝန်ခံများနှင့်အတူ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်နေသည့်သဘောကို မြင်တွေ့ရသဖြင့် အားရကျေနပ်မိပါကြောင်း။

ဦးထမ်းပဲ့ထမ်း

တစ်နည်းအားဖြင့်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ကြိုးစားပမ်းစားရည်မှန်းချက်ရှိရှိ၊ အစီအစဉ်ရှိရှိ ဦးစီးလုပ်ကိုင်နေမှုနှင့်အတူ ပြည်သူများကလည်း ဦးထမ်းပဲ့ထမ်းပြီး ပူးပေါင်းလုပ်ကိုင်တတ်နေသည့် အလေ့အထများရှိနေပြီဖြစ်ကြောင်း။

သရက်ခရိုင်တစ်ခုလုံးအနေဖြင့် ဒေသဝမ်းစာအပြည့်အဝ ဖူလုံမှုမရှိသေးသော်လည်း ၇၀ရာခိုင်နှုန်းကျော် ဖူလုံမှုရှိပြီး ကံမမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့မှာ ဆန်စပါးပိုလျှံနေပြီဖြစ်ကြောင်း။

တိုးတက်လာ

စပါးစိုက်ဧကကိုကြည့်လျှင် ၁၉၉၃-၉၄ခုနှစ်တွင် ဧက ၇၇၀၀၀ခန့်ရှိရာမှ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဧက ၁၁၂၀၀၀ကျော်အထိလည်းကောင်း၊ သီးနှံစုစုပေါင်းစိုက်ဧရိယာမှာ ဧကငါးသိန်းကျော်မှ ဧက ၉ဒသမ ၄သိန်းကျော်အထိလည်းကောင်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ သီးနှံစိုက်ပျိုးနိုင်သည့်စွမ်းအားမှာလည်း ၂၀၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်အောင်မြင်နေကြောင်း။

ဒေသအလိုက် ဆန်စပါး ဖူလုံမှုရှိအောင်၊ ဒေသအလိုက် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ကြိုးစားဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်ထောင်စုတစ်ရပ်လုံး၏ စီးပွားရေးအင်အားမှာလည်း ခိုင်မာတောင့်တင်းလာပြီး ကိုယ့်ခွန်ကိုယ့်အားအပေါ် ခိုင်မြဲစွာ ရပ်တည်လာနိုင်မှာဖြစ်ကြောင်း။

စီးပွားရေး တိုးတက်ရန်အတွက် ပြည်ပကို မျှော်ကိုးနေရသည့်ဘဝမျိုးသည် မဖြစ်သင့်မဖြစ်ထိုက်ပါကြောင်း၊ ကိုယ့်ခွန်ကိုယ့်အားအပေါ် ရပ်တည်လိုသော မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ဇာတိမာန်နှင့်လည်း မကိုက်ညီကြောင်း။

ယနေ့အခြေအနေအထိ နိုင်ငံတော်ကြီးတိုးတက်ဖွံ့ဖြိုးလာခြင်း၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လိုအပ်သောအခြေခံများ တည်ဆောက်နိုင်ခြင်းတို့သည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုများနှင့်အညီ ကိုယ်စွမ်းကိုယ်စအပေါ် အခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူများ အတူတကွ ရုန်းကန်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း။

ပူးပေါင်းအားထုတ်

နောင်ဆက်လက်လုပ်ဆောင်ရမည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း အလားတူပင် မိမိတို့အားလုံး တက်ညီလက်ညီ ပူးပေါင်းအားထုတ် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝ သယံဇာတ အရင်းအမြစ်များ ရှိသကဲ့သို့ ပညာတတ်လူ့အရင်းအမြစ်များလည်း ပေါက်ဖွားလာပြီဖြစ်၍ အခြားအိမ်နီးချင်းနိုင်ငံများနှင့်အတူ ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်ရမှာဖြစ်ကြောင်း။

ဖန်တီးပျိုးထောင်

ပြည်သူများ ဝမ်းဝခါးလှအောင်၊ ပြည်သူများ အမှန်အမှား ဆင်ခြင်သုံးသပ်နိုင်သည့် ပညာရည်ရရှိအောင် မိမိတို့လက်ထက်၌ ဖန်တီးပျိုးထောင်နိုင်ရန် အရေးကြီးကြောင်း၊ သို့မှသာ မိမိတို့နှင့် လိုက်လျောညီထွေသည့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

သယံဇာတအရင်းအမြစ်များ ရှိသကဲ့သို့ များလည်း ပေါက်ဖွားလာပြီဖြစ်၍ အခြား ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်ရမှာဖြစ်။ ာင်၊ ပြည်သူများ အမှန်အမှား ဆင်ခြင် ဉ်ရရှိအောင် မိမိတို့လက်ထက်၌ ဖန်တီး ကြီး၊ သို့မှသာ မိမိတို့နှင့် လိုက်လျော ကရေစီလူ့နေမှုစနစ်တစ်ရပ်ကို ခိုင်မာစွာ

ချောက်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း အောင်လံမြို့နယ်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ) ဗဟိုထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

▲ စာမျက်နှာ ၉ မှ

အနာဂတ် ဒီမိုကရေစီလူနေမှုစနစ်တစ်ရပ်ကို ခိုင်မာစွာ ထူထောင်သွားနိုင်မှာ ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ချမှတ်ထားသော ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ကိုင်ကြရာ၌ အဖျက်အန္တရာယ်၊ အဖျက်သမားတို့၏သဘောကိုလည်း နားလည်သတိထားရန်လိုကြောင်း။

ပြည်ပပယောဂ

နိုင်ငံတော်မတည်ငြိမ်ရေးနှင့် ပြည်ထောင်စုပြိုကွဲရေးကို ကြံစည်အားထုတ်နေသည့် အဖျက်သမားများသည် ပြည်ပပယောဂ ပြည်ပအားပေးမှုများဖြင့် ယှဉ်၍ လှုပ်ရှားလျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော် တိုးတက်ရာတိုးတက်ကြောင်းလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သစ္စာရှိရှိ၊ သမာဓိရှိရှိ ကြိုးကြိုးစားစား လုပ်ကိုင်ရင်း အဖျက်အန္တရာယ်များ အားနည်းကျဆုံးသွားစေရေးကိုလည်း ဖော်ဆောင်သွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သရက် ဘိလပ်မြေစက်ရုံ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီတွင် သရက်ဘိလပ်မြေစက်ရုံသို့ သွားရောက်ပြီး အမှတ်(၂)မီးသင်းဖို၏ အသစ်လဲလှယ်ရမည့် အပိုင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမှတ်(၁)မီးသင်းဖို လည်ပတ်နေမှု၊ အသုံးပြုသည့် မီးထိုးဆီနမူနာများ၊ သရက် ဘိလပ်မြေစက်ရုံက ထုတ်လုပ်သည့် စက်အရန်ပစ္စည်းများနှင့် အမှတ်(၁)မီးသင်းဖို ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကုန်ကြမ်းကြိတ်စက်(၂)၏ လုပ်ငန်းများကိုလည်းကောင်း၊ ကုန်ကြမ်းကြိတ်စက်(၁)တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာအင်ဂျင်နီယာများ တီထွင်တပ်ဆင်ထားသည့် အမှတ်(၃)မီးသင်းဖိုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခုတင် (၁၀၀)ဆံ့ သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်မိုးနှင့် အထူးကုဆရာဝန်ကြီးများ၊ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ သွားနှင့်ခံတွင်း ကုသခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍လူနာများအား ကြည့်ရှုအားပေးပြီး ဆေးရုံဝင်းအတွင်း အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ရဟတ်ယာဉ်ဖြင့်သရက်မြို့မှအောင်လံမြို့နယ်ရှိ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိကြရာ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ဗဟိုထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမိုးနီးယားစက်ရုံနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ယူရီးယားစက်ရုံ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပုလဲဓာတ်မြေသြဇာများ အိတ်သွင်းထုပ်ပိုးမှုနှင့် ဖြန့်ဖြူးရေးဌာန၌ စနစ်တကျ သိုလှောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကျွန်းချောင်း၊ စလေနှင့် ကျော်စွာတို့ရှိ ဓာတ်မြေသြဇာစက်ရုံများ၏ အခြေအနေ၊ ပြုပြင်ရန်လိုအပ်သည့် စက်ပစ္စည်းများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ပြုပြင်မွမ်းမံမှုများပြီးစီးပါက စက်ရုံအလိုက် ဓာတ်မြေသြဇာထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က ဓာတ်မြေသြဇာစက်ရုံများရှိ ပြုပြင်ရန်လိုအပ်သည့် စက်ပစ္စည်းများအတွက် ပြည်တွင်းရှိစက်ရုံများက ထုတ်လုပ် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေနှင့် ပြည်ပမှ မှာယူတင်သွင်းရန် လိုအပ်သည့် စက်ပစ္စည်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

လျှပ်စစ်ဓာတ်အားရရှိရေး

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးတင်အောင်က ဓာတ်မြေသြဇာစက်ရုံများက လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး စီစဉ်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချောက်မြို့နယ် စလေဒေသရှိ ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်းအနီးနေ ဒေသခံပြည်သူများအား နိုင်ငံတော်က စီစဉ်ပေးထားသည့် ရေရရှိရေး စီမံကိန်းကို မိမိအကျိုး၊ဒေသအကျိုးအတွက် စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင် ကြိုးပမ်းကြရန် မှာကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၀၅ခုနှစ် မေ ၂၁ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းမှ ဗဟိုဦးစီးအဖွဲ့ဝင်များအပြင် ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များလည်း တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်

ရန်ကုန် မေ ၇

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းဒေဝသာဂရရဟန္တာသိမ်ဖြူတော်ကြီးတွင် ဆရာတော် ဘဒ္ဒန္တ ဥေယျသာဂရ အမှူးပြု၍ ဒါယကာ၊ ဒါယိကာမများက (၁၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၁၅မှ ၁၉ရက်ထိ ကျင်းပမည်ဖြစ်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ တံငါတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Say it in English.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား (အပိုင်း-၁)**
- ၁၂:၂၀ ၅။ မြန်မာ့ရိုးရာခြင်းလုံးအားကစား
- ၁၂:၃၀ ၆။ **မြန်မာရုပ်ရှင် "အနှိုင်းမဲ့ရင်ခွင်" (ဒွေး၊ ညွန့်ဝင်း၊ ခင်သန်းနု၊ နန္ဒာလှိုင်) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)**
- ၂:၂၀ ၇။ တေးဂီတအစီအစဉ်
- ၂:၃၅ ၈။ အတီးပြိုင်ပွဲ
- ၂:၄၅ ၉။ International News.
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၃၀ ၇။ မြန်မာစာ၊မြန်မာစကား
- ၅:၄၅ ၈။ ကမ္ဘာ့ကြက်ခြေနီနေ့တေးများ
- ၆:၀၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ (အပိုင်း-၂၀)**
- ၇:၃၀ ၁၃။ တီလားပီးယားငါးမွေးပွဲတော်
- ၇:၄၀ ၁၄။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၃၉)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

❍ အကြမ်းဖက်မှု

ယင်းသို့ လူမဆန်သော လုပ်ရပ်ကို ကျူးလွန်ခဲ့သူများမှာ အထောက်အထားများအရ အကြမ်းဖက် အဖျက်သမားအဖွဲ့များဖြစ်သည့် KNU၊ ရှက်ဆစ်ဦးစီး SSA၊ KNPP နှင့် ပြည်ပြေးစိန်ဝင်းဦးစီး NCGUB အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ရောနှောဝင်ရောက်

အဆိုပါ အကြမ်းဖက်အဖျက်သမားအဖွဲ့ဝင်များသည် ရန်ကုန်ကုန်သွယ်မှုဇုန်ဟိုဌာနတွင် ပြုလုပ်လျက်ရှိသည့် ထိုင်းကုန်စည်ပြပွဲသို့ ပြည်သူများနှင့်အတူ ရောနှောဝင်ရောက်ပြီး တတိယထပ်ရှိ ကုန်စည်ပြပွဲ ဧည့်ခံဖျော်ဖြေရေးစင်မြင့် ရှေ့ရှိ ထိုင်ခုံများကြား၌ ချိန်ကိုက်ဗုံး ထည့်ထားသည့်အိတ်ကို ချထားခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ချိန်ကိုက်ဗုံး

အလားတူ အဆိုပါအကြမ်းဖက်အဖျက်သမားအဖွဲ့မှ အဖွဲ့ဝင်များသည် Junction (8) စင်တာရှိ City Mart အရောင်းဆိုင်ထဲသို့ ဈေးဝယ်သူများ အသွင်ဆောင်ဝင်ရောက်ပြီး ချိန်ကိုက်ဗုံးထည့်ထားသောအိတ်ကို ပစ္စည်းအပ်နှံသည့်နေရာ၌အပ်ထားခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲ

ထို့အတူ အဆိုပါ အကြမ်းဖက်အဖျက်သမားအဖွဲ့မှ အဖွဲ့ဝင်များသည် ဒဂုံစင်တာအတွင်းသို့ ဈေးဝယ်သူများ အသွင်ဆောင်ဝင်ရောက်ပြီး မြေညီထပ် စက်လှေကားအနီး၌ ချိန်ကိုက်ဗုံးထည့်ထားသောအိတ်ကို ချထားခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေးလျက်ရှိ

ယင်းသို့ ရဟန်းရှင်လူပြည်သူများ ဝင်ထွက်သွားလာ ကူးသန်းရောင်းဝယ်ရာ စည်ကားသော နေရာဌာနများ၌ ရက်စက်ယုတ်မာလူမဆန်စွာဗုံးထောင်ဖောက်ခွဲမှု ပြုလုပ်ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက် အဖျက်သမားများအား ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသော အဖွဲ့အစည်းများက ပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် လိုက်လံစုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အချိန်မီသတင်းပို့

အဆိုပါ အကြမ်းဖက်အဖျက်သမားအဖွဲ့များသည် ဘယ်သူသေသေ ငတေမာပြီးရောသဘောဖြင့် အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ကြံစည်လုပ်ဆောင်လျက်ရှိကြောင်း သတင်းများ ရရှိထားသဖြင့် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် လုံခြုံရေးသတိပိုမိုထားရှိကာ မသင်္ကာဖွယ်ရာ လူစိမ်းများနှင့် မသင်္ကာဖွယ်ရာပစ္စည်းများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုသတိပြုကြရန်နှင့် မသင်္ကာဖွယ်ရာများ တွေ့ရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ အချိန်မီ သတင်းပို့ပူးပေါင်းဆောင်ရွက်ကြပါရန်တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျက်စီး

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အကြမ်းဖက်အဖျက်သမားများ၏ ရက်စက်ယုတ်မာစွာ ချိန်ကိုက်ဗုံးထောင် ဖောက်ခွဲမှုကြောင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ကုန်သွယ်မှုဇုန်ဟိုဌာန တတိယထပ်တွင် ပေါက်ကွဲပျက်စီးမှုများကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တည်ငြိမ်ရေးနှင့်ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အကြမ်းဖက်အဖျက်သမားများ၏ ရက်စက်ယုတ်မာစွာ ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲမှုကြောင့် စမ်းချောင်းမြို့နယ် ဒဂုံစင်တာ မြေညီထပ်တွင် ပေါက်ကွဲပျက်စီးမှုများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပေါက်ကွဲပျက်စီး

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အကြမ်းဖက်အဖျက်သမားများ၏ ရက်စက်ယုတ်မာစွာ ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲမှုကြောင့် မရမ်းကုန်းမြို့နယ် Junction (8) စင်တာ မြေညီထပ်တွင် ပေါက်ကွဲပျက်စီးမှုများကို တွေ့ရစဉ်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မုံရွာမြို့၌ လှည့်လည်လေ့လာ

ရန်ကုန် မေ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်လူငယ်များ ပြည်နယ်နှင့်တိုင်းများသို့ အပြန်အလှန်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ စစ်ကိုင်းတိုင်း မုံရွာမြို့သို့ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၅ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ရွှေစည်းခုံစေတီတော်နှင့် ဆုတောင်းပြည့်စေတီတော်ကြီးတို့အား သွားရောက်ဖူးမြော်ကြပြီး အလှူငွေများကို ဂေါပကအဖွဲ့များသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအတွင်း၌ကျင်းပသော “၂၀၀၅ခုနှစ် စစ်ကိုင်းတိုင်း သစ်ပင်စိုက်ပျိုးပွဲတော်” အခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် သစ်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက်လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ကျောက္ကာရွှေဂူနီဆုတောင်းပြည့်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ပြီးနောက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သို့ သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လားရှိုးမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး

ရန်ကုန် မေ ၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၃ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် စခန်းရုံးမိသားစုများ၏ စံပြနှစ်ရှည် ဆင်းရွှေလီလိုင်ချီးအပင် ၁၀၀၀နှင့် သီးညှပ်နေကြာမျိုးစေ့ထုတ် စိုက်ခင်းအခြေအနေနှင့်စိုက်ခင်းအနီး မြေကွက်လပ်တွင် စိုက်ပျိုးမည့် မျိုးနေကြာစေ့များ အခြောက်လှန်းထားသိုမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် ရေပူစမ်းကျေးရွာအနီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ အထူးအထွက်တိုး နေကြာမျိုးသန့် စံပြစိုက်ခင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် အထူးအထွက်ကောင်းစပါးနှင့် ဆင်းရွှေလီမွှေး (ဆန်မွှေး) နွေစပါးစိုက်ခင်း စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ အထွက်ကုန်းမြင့်ယာမြေအမှတ်(၁)ဧက ၁၀၀၀ မျိုးစေ့ထုတ် ဖုန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် တိုင်းမှူးသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပသော ၂၀၀၅ ခုနှစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် တပ်နယ်အလိုက် လက်ဝှေ့ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန် မေ ၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၃ဌာနတို့၌ ဖြေဆိုသူ ၁၃၀၄၀၊ အောင်မြင်သူ ၁၀၆၃၁ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၁၆၉၆ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ရန်ကုန်တိုင်း တာမွေစာဖြေဌာနမှ ခုံအမှတ် (၅၀၁) ဒေါ်မြမာလာ၊ တစ်ပြည်လုံး ဒုတိယ ရန်ကုန်တိုင်း လှိုင်စာဖြေဌာနမှ ခုံအမှတ် (၃၀)မောင်နေဈာန်သန်း၊ တစ်ပြည်လုံး တတိယ ဧရာဝတီတိုင်း ဒါးကစာဖြေဌာနမှ ခုံအမှတ် (၅) မစန္ဒာမြင့် တို့ဖြစ်ကြသည်။

အဘိဓမ္မာဂုဏ်ထူးဆောင် စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၆ ဌာနတို့၌ ဖြေဆိုသူ ၂၃၂၉ဦး၊ အောင်မြင်သူ ၂၁၁၆ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၅၀၄ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ရန်ကုန်တိုင်း လှိုင်စာဖြေဌာနမှ ခုံအမှတ် (၅၃) ဦးစိုးတင့်၊ တစ်ပြည်လုံး ဒုတိယ ရန်ကုန်တိုင်း မရမ်းကုန်းစာဖြေဌာနမှ ခုံအမှတ် (၈) မဝေမွန်ကျော်၊ တစ်ပြည်လုံး တတိယ စစ်ကိုင်းတိုင်း ကလေးစာဖြေဌာနမှ ခုံအမှတ်(၁) မရီရီခင်တို့ ဖြစ်ကြသည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၆၅ ဌာနတို့၌ ဖြေဆိုသူ ၁၁၈၃ဦး၊ အောင်မြင်သူ ၁၀၀၃ဦး အနက် နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၇၃ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ မန္တလေးတိုင်း ပျဉ်းမနားစာဖြေဌာနမှ ခုံအမှတ် (၈) ဦးထွန်းလှိုင်၊ တစ်ပြည်လုံး ဒုတိယ စစ်ကိုင်းတိုင်း ကလေးစာဖြေဌာနမှ ခုံအမှတ် (၄) ဒေါ်ခင်အေးမြင့်နှင့် တစ်ပြည်လုံး တတိယ ပဲခူးတိုင်း ပဲခူးစာဖြေဌာနမှ ခုံအမှတ်(၄) ဒေါ်ကြူကြူတို့ဖြစ်ကြသည်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာ အဘိဓမ္မာသင်တန်း

ရန်ကုန် မေ ၇

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် (၂၆) ကြိမ်မြောက် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် သင်တန်းများကို မဟာဂန္ထဝါစက ပဏ္ဍိတ ဆရာတော် ဦးဝါယမသာရ [သာသနဓဇ ဓမ္မာစရိယ M.A,(Q)] ဦးစီး၍ မေ ၁၄ရက် (စနေနေ့) နံနက် ၈ နာရီမှစ၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေ) နေ့တိုင်း ဓမ္မဒါန သင်ကြားပေးမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။ (၂၃)

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၇

၂၀၀၅ ခုနှစ် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ၂၀၀၅ ခုနှစ် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ချီးမြှင့်သည့် နှစ်သိမ့်ဆုများကို အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌက လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများကိုလည်းကောင်း၊ မြန်မာ့ရိုးရာ ခြင်းလုံးခတ် အားကစားတိုးတက်ရေးအတွက် အလှူငွေပေးအပ်ခဲ့သော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုနှင့် ဒုတိယဆုရရှိကြသူများအား တာဝန်ရှိသူတို့က ဆုများကို ချီးမြှင့်ကြသည်။

အမျိုးသမီးပြိုင်ပွဲ

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်းနှင့် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြိုင်ပွဲတွင် ပထမရရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းတို့အား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို လည်းကောင်း၊ ပဲခူးတိုင်း အမျိုးသမီးအသင်းအား နှစ်သိမ့်ဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အမျိုးသားပြိုင်ပွဲ

ဆက်လက်၍ (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲနှင့် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အသင်းများ၊ ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အမျိုးသား (၄)ပေါက်တန်းအဆင့် အငယ်တန်းပြိုင်ပွဲနှင့် (၆)ပေါက်တန်းပြိုင်ပွဲတို့တွင် အနိုင်ရရှိသော အသင်းများနှင့် အမျိုးသားတံခွန်စိုက်တန်းပြိုင်ပွဲတွင် အနိုင်ရရှိသော အသင်းများအား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ တက်သစ်စနှင့် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများအား ဆုများကိုလည်းကောင်း တာဝန်ရှိသူတို့က ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော ဧရာဝတီတိုင်းတို့အားလည်းကောင်း၊ ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ အမျိုးသား (၄)ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ အမျိုးသား (၆)ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ အမျိုးသားတံခွန်စိုက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန (က) အသင်းအား လည်းကောင်း တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားများကို ပေးအပ်ချီးမြှင့်လိုက်သည်။ (သတင်းစဉ်)

ကွယ်လွန်သူမိခင်ကြီး ဒေါ်ငွေရင်၊ အစ်မဒေါ်သိန်းမြင့်တို့အား ရည်စူး၍ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက် (၁၅)အခန်း (၇)နေ ဦးငွေထွန်း-ဒေါ်ခင်နှင်းသစ်၊ သမီး ဒေါ်သဇင်ထွန်းမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

ကြက်ခြေနီနေ့ ဂုဏ်ပြုသွေးလှူဒါန်း

ရန်ကုန် မေ ၇

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကြက်ခြေနီအသင်းနှင့် တပ်ရင်းတို့၏ ဦးဆောင်မှုအရ ဒလမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတပ်ရင်းမှူး အောင်မြင့် (လူမှုထူးချွန်တတိယဆင့်) ဦးဆောင်သော ကြက်ခြေနီတပ်ဖွဲ့ဝင်အင်အား ၃၀ တို့သည် မေ ၆ရက် နံနက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးလှူဌာနသို့ သွားရောက်၍ ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၀၅ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ယဉ်ကျေးမှုတက္ကသိုလ်
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	သွေးလေးဖက်နာရောဂါ
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	Sunday Talk
၈:၄၅	မိုးလေဝသခန့်မှန်းချက်
၈:၅၀	အပူဒဏ်ကာကွယ်ရေး
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ပြည်တွင်းထုတ်ကုန်ထုတ်လုပ်စို့ မြန်မာ့ခေတ်ဆားမှုန့်
၉:၁၀	ဝါသနာရှင်စင်မြင့်
၉:၅၀	မြန်မာစာ၊မြန်မာစကား
၁၀:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ဖြည့်ဆည်းအားပေး ကလေးနှင့် လူငယ်စောင့်ရှောက်ရေး
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅	ဖီဖာကမ္ဘာ့ဖလား ၂၀၀၂
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ(၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် တရားရုံးချုပ် တရားသူကြီးများ အထူးအယူခံမှုများ ကြားနာစစ်ဆေး

ရန်ကုန် မေ ၇

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးမြင့်သိန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်ခဲ့သည့်အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု ငါးမှုကိုလည်း ရုံးထိုင်ကြားနာခဲ့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတတရားတော် -ရုပ်နာမ်ခွဲ၊ ပညတ်၊ ပရမတ်ခွဲ**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Consumer's Equilibrium (ဒုတိယနှစ်-စီးပွားရေးအထူးပြု)
၄:၅၀	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း- "အမြွာနဲ့ကြမ္မာ" (အပိုင်း-၁၉)**
၈:၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ ပဟေဠိနန်းတော်
	၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၇။ **English Premier League ဘောလုံးပွဲ Arsenal Vs Liverpool**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ပြည် မေ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ ပဲခူးတိုင်း သံဃနာယက ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ မဟာထေရ်မြတ်အား (၇၆)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာ အခမ်းအနားနှင့် မဟာသိဒ္ဓိ အဘိညာဉ်ဈာန်ဝင် စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ နန်းမြင့်ကျောင်းဆောင်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၆ နာရီက စိန္တာမယ သိဒ္ဓိဗိမာန်တော်ကြီးတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလ ဇောတိ အမှူးပြုသော ဆရာတော်သံဃာတော် ၅၄ပါး ကြွရောက်တော်မူကြပြီး အရဟံဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလ ဇောတိနှင့် ပြည်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတတို့က နန်းမြင့်ကျောင်းဆောင်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး မဟာသိဒ္ဓိ အဘိညာဉ်ဈာန်ဝင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ (၄၉၇)

ကတ္တရာထပ်ပိုးလွှာ တင်ခြင်းလုပ်ငန်းဖွင့်

ဒေးဒရဲ မေ ၂

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကမ်းနားလမ်း ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းနှင့် လမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက်က အဆိုပါလမ်း မုခ်ဦး၌ ကျင်းပသည်။

လမ်းဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးစီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသက်အောင်နှင့် ရပ်မိ၊ ရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(မြို့နယ်ပြန်/ဆက်)

မကွေးမြို့ ရွှေညာမြေ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် စံပြသမဝါယမအရောင်းဆိုင်အား မတ် ၂၇ ရက်က မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ ဖွင့်လှစ်ပေးစဉ်။ (သမဝါယမ)

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပင်မတမံလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဧပြီ ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်အေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့(မြို့ပြ) ဖောင်ယော် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါမုခ်ဦးရှေ့တွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်နှင့် အမှုဆောင်အရာရှိ ဦးသောင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်

သတင်းများ

စည်ပင်ဝန်ထမ်းများ စုပေါင်းဆောင်ရွက်

မိုင်းယောင်း မေ ၁

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်း သာယာလှပရေးနှင့်စိမ်းလန်းစိုပြည်ရေး၊ ပန်းဥယျာဉ်မြို့တော်ဖြစ်စေရေးအတွက် အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်စိုက်ပျိုးခြင်း၊ ပေါင်းသင်ရေလောင်းခြင်း လုပ်ငန်းများကို ဧပြီ ၃ရက်က အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ပျိုးပင်ပေါင်း ၁၁၀၀၀ ပျိုးထောင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဒွေးရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်

ရမည်းသင်း မေ ၂

ရမည်းသင်းမြို့နယ် ရွှေဒါးငွေကုန်းကျေးရွာအုပ်စု ဆည်တွင်းကျေးရွာ ကြံတိုင်းအောင်ကျောင်း ပဓာနနာယက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပရိယတ္တိမဟာဌာန ဦးပဏ္ဍိတ ဓမ္မာစရိယ (အမ်အေ)နှင့် ငွေကုန်းအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ဦးစီးဖွင့်လှစ်သည့် ဒွေးရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက်က ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ကျင်းပရာ ကြံတိုင်းအောင် ဆရာတော် ဦးပဏ္ဍိတ ဓမ္မာစရိယ(အမ်အေ)၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ရွှေ၊ အုပ်စုစည်းရုံးရေးမှူး ဦးချစ်မောင်နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပို့ချပေး

သင်တန်းတွင် ဗုဒ္ဓဘာသာ မူလတန်းအဆင့်၊ အင်္ဂလိပ်စာ အထက်အဆင့်နှင့် တက္ကသိုလ်အဆင့်၊ ပါဠိဘာသာ အထက်တန်းအဆင့် စသည်တို့အား ကြံတိုင်းအောင်ဆရာတော်က ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလတစ်လဖြစ်ကြောင်း သိရသည်။ **(၁၁၅)**

ကျေးလက်

တစ်ခွင်

ဖွံ့ဖြိုး

စည်ပင်

အခြေခံအဆင့် ရှေးဦးသူနာပြုသင်တန်းဆင်း

မိုးကောင်း မေ ၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း(အခြေခံအဆင့်) သင်တန်းအမှတ်စဉ်(၂/၂၀၀၅) ဆင်းပွဲကို ဧပြီ ၉ ရက် နံနက် ၈နာရီက မိုးကောင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဦးစိန်လင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာတွေ့လက်တွေ့နှင့် စစ်ရေးပြ ထူးချွန်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၁၀၈ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်ခဲ့သည်။ **(၄၉၉)**

မိုးနဲမြို့နယ် ပြန်/ဆက်ဦးစီးဌာန နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို မတ် ၂၇ ရက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးမြတ်သူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

မိုး

သတိပြု

က လေး မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ချောင်းရေတိုက်စားမှုမှ ကာကွယ်ရန် အတွက်ကျန်စစ်သား လမ်းပေါ်ရှိ ချောင်းကူး သစ်သား တံတား အမှတ် (၁)တွင် ကျောက်စီ မြေထိန်းနံရံ တည်ဆောက်နေမှုကို မတ် ၂၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ရွှေတောင် မေ ၂

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြေခင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ရက်က ရန်ကုန်-ပြည် အဝေးပြေးလမ်းမကြီးနှင့် ဆေးရိုးတန်းလမ်းဆုံ တြိဂံကျွန်း မြေကွက်လပ်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေခင်းအလှ ပြုပြင်ခြင်းများအား ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြသည်။

မြို့သာယာလှပရေးဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က ကြီးကြပ်ဆောင်ရွက်ပေးပြီး လမ်းဘေး ဝဲ၊ယာရှိ ပန်းအလှပင်များ စိမ်းစိုရှင်သန်ရေး၊ မြက်ခင်းများဖြင့် သာယာလှပရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် အပတ်စဉ် စနေနေ့တိုင်း ဝန်ထမ်းများ စုပေါင်းဆောင်ရွက်လျက်ရှိသည်။ **(၁၄၃)**

မော်လမြိုင်ကျွန်းမြို့နယ်ရှိနှုတ်ခမ်းတစ်ဖက်ကွဲလူနာ ခြောက်ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးခဲ့သော မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြမြအေးနှင့်အတူ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အဖွဲ့ဝင်များ ဧပြီ ၂၅ ရက်က မြို့နယ်ပြည်သူ့ဆေးရုံတွင် ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်စဉ်။ (၃၆၄)



ရေနံများစုဆောင်းနေမှု ကြည့်ရှုစစ်ဆေး

မေ ၆ ရက်က နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မင်းဘူးမြို့ မန်း ရေနံမြေ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ စုပေါင်း လက်ခံစခန်း(၅)၌ ရေနံများ စုဆောင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

အဖျက်သမားများ၏ လူမဆန်သောရက်စက်ယုတ်မာမှုကြောင့် ရန်ကုန်မြို့တွင်း ဗုံးပေါက်ကွဲမှုများဖြစ်ပွား လူစည်ကားရာ နေရာများ၌ ဖောက်ခွဲခြင်းဖြစ်၍ အပြစ်မဲ့ ရဟန်းရှင်လူ ပြည်သူများ သေဆုံးဒဏ်ရာရရှိ အကြမ်းဖက် အဖျက်သမားအဖွဲ့များဖြစ်သည့် KNU၊ ရှက်ဆစ်ဦးစီး SSA၊ KNPP နှင့် ပြည်ပြေးစိန်ဝင်းဦးစီး NCGUB တို့ ပူးပေါင်း လုပ်ဆောင်ခြင်းဖြစ်

ရန်ကုန် မေ ၇

နိုင်ငံတော် တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အကြမ်းဖက် အဖျက်သမားများ၏ ရက်စက်ယုတ်မာစွာ ချိန်ကိုက်ဗုံးထောင် ဖောက်ခွဲမှုများကြောင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ယနေ့မွန်းလွဲ၂နာရီ မိနစ်၅၀တွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ Junction (8) စင်တာ၌ မွန်းလွဲ ၂နာရီ ၅၅မိနစ်တွင် လည်းကောင်း၊ စမ်းချောင်းမြို့နယ်ရှိ ဒဂုံစင်တာ၌ ညနေ ၃နာရီတွင်လည်းကောင်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်များကြောင့် အပြစ်မဲ့ ရဟန်းရှင်လူပြည်သူ ၁၁ဦး သေဆုံးပြီး ၁၆၂ဦး ဒဏ်ရာရရှိခဲ့ရသည်။

အားပေးကူညီ

ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်တာဝန်ရှိသူများသွားရောက်ပြီး လိုအပ်သည်များစီစဉ်ဆောင်ရွက်လျက် အားပေးကူညီကာ ဒဏ်ရာရရှိသူများအား ဆေးဝါးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗုံးပေါက်ကွဲမှုကြောင့်ဒဏ်ရာရရှိသူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ခေါင်းကြီးဆောင်းပါးအညွှန်း

* ***အမျိုးသားရေးအကျိုးစီးပွား မျက်ခြည်မပြတ် မြင့်တင်၊ လူမှုကရုဏာလုပ်ငန်းများ စွမ်းစွမ်းတမံ ထမ်းရွက်***

ခေါင်းကြီး(စာမျက်နှာ–၂)

* ***လူ့ဂုဏ်သိက္ခာကာကွယ်ရေး၊ ကြက်ခြေနီက စွမ်းဆောင်ပေး***

Protecting Human Dignity

အောင်ကျော်ဆန်း**(MRCS)** ၏ဆောင်းပါး

(စာမျက်နှာ–၆)

- ❒ မိမိတို့နိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များ ရှိသကဲ့သို့ ပညာတတ် လူ့အရင်းအမြစ်များလည်း ပေါက်ဖွားလာပြီဖြစ်၍ အခြား အိမ်နီးချင်းနိုင်ငံများနှင့်အတူ ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်ရမှာဖြစ်။
- ❒ ပြည်သူများ ဝမ်းဝခါးလှအောင်၊ ပြည်သူများ အမှန်အမှား ဆင်ခြင် သုံးသပ်နိုင်သည့် ပညာရည်ရရှိအောင် မိမိတို့လက်ထက်၌ ဖန်တီး ပျိုးထောင်နိုင်ရန် အရေးကြီး၊ သို့မှသာ မိမိတို့နှင့် လိုက်လျော ညီထွေသည့် အနာဂတ် ဒီမိုကရေစီလူနေမှုစနစ်တစ်ရပ်ကို ခိုင်မာစွာ ထူထောင်သွားနိုင်မှာဖြစ်။